မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၅)

နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်နဲ့ စေတနာ သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီ

နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို နားလည်ယုံကြည်လာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ် ဒေသခံ တိုင်းရင်းသားပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို နားလည် ယုံကြည်လာသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အားပေးချီးမြှင့်ပြီး ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေး တိုင်းရင်းသားအားလုံး စည်းလုံးကြရန်လိုအပ် တိုင်းရင်းသားများအကြား သံသယစိတ်တွေပျောက်ပြီး စည်းလုံးမှုခိုင်မာအောင် ကြိုးပမ်းခဲ့ နိုင်ငံတော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ ကြိုးပမ်းမှုကြောင့် ငြိမ်းချမ်းမှုများပွင့်လန်းလာ

ရလလဖအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် ညီအစ်ကိုများ ပြတ်သားသည့်ဆုံးဖြတ်ချက်ချခဲ့ လက်နက်များ အပြီးအပိုင်စွန့်လွှတ်၊ လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး မလိုအပ်ဘဲ လက်နက်စွဲကိုင်ခြင်းမှာ မသင့်ဟုမြင်ခဲ့

လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ခြင်းသည် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို နားလည်ယုံကြည်လာသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၏ ကြိုဆိုဂုဏ်ပြု အမှာစကားမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာမှာ အခြေခံအားဖြင့် မရှိမဖြစ်လိုအပ်ချက်ဟာ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး ဒေသနေပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်သွားလာ လုပ်ကိုင်စားသောက်နိုင်ရေးပင်ဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

27-7 (01) 1 7/27/07, 2:53 AM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၇ ရက်)

ဇီဝလောင်စာဆီ တွင်ကျယ်စွာ ထုတ်လုပ်ရေး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းပါးသည့် ဇီဝလောင်စာဆီကို ထုတ်ယူနိုင်ရန် တီထွင်ကြံဆ ကြိုးပမ်းလျက် ရှိသည်။

ဇီဝလောင်စာဆီကို ကမ္ဘာ့နိုင်ငံအချို့တွင် ပြောင်း၊ ကြံ၊ ပီလောပီနံ၊ ဆီအုန်းတို့မှ ထုတ်ယူ သုံးစွဲလျက်ရှိသည်။

မြေအောက်ရုပ်ကြွင်းရေနံမှရရှိသော ဒီဇယ်၊ ဓာတ်ဆီများသည် လာမည့်အနှစ် ၄၀ အကြာတွင် ကုန်ခန်းသွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းပြောဆိုထားသည်။

မြန်မာနိုင်ငံအနေဖြင့် ဇီဝလောင်စာဆီ ထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် စီမံချက်ချမှတ် စိုက်ပျိုးလျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်သည် မြန်မာနိုင်ငံအတွင်း နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ထွက်ရှိသောအစေ့ကို ကြိတ်လျက် ဆီထုတ်ယူကာ ဇီဝဒီဇယ်ဆီအဖြစ် ဒီဇယ်အင်ဂျင်များတွင် ထည့်သွင်းအသုံးပြု မောင်းနှင်နိုင်သည်။

ယင်းဇီဝဒီဇယ်ဆီဖြင့် တောင်သူများသည် လယ်ယာသုံးစက်ကိရိယာများ၊ ရေစုပ်စက်၊ မီးစက် အစရှိသည့် စက်ပစ္စည်းများတွင်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။ ထို့အပြင် ခြံစည်းရိုးကြက်ဆူပင်သည် ထွက်ရှိလာသည့် ဆီကြိတ်ဖတ်များကိုလည်း သဘာဝမြေဩဇာအဖြစ် သုံးစွဲနိုင်ကာ မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတစ်ဝန်း ဇီဝလောင်စာဆီများ တွင်ကျယ်စွာထုတ်လုပ်နိုင်ရန်နှင့် မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်သွားနိုင်ရန် ခြံစည်းရိုးကြက်ဆူပင်ကို စီမံချက်နှင့်အညီ အင်တိုက် အားတိုက် တိုးချဲ့စိုက်ပျိုးသွားရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ တိုးတက်များပြားလာ

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံတစ်ဝန်းတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူအရေအတွက်သည် ဇွန်လကုန်အထိ ၅၀ ဒသမ ၆၄ သန်းရှိလာကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံသား ၁၀၀ လျှင် မိုဘိုင်းလ်ဖုန်း ၃၈ ဒသမ ၃ သုံးစွဲခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံပြန်ကြားရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၄၀ဒသမ ၅၆သန်းရှိခဲ့ရာ တစ်လလျှင် ပျမ်းမျှ ၆ ဒသမ ၇၆သန်းခန့် သုံးစွဲသူ တိုးတက်ခဲ့သည်။

တိုးမြင့်

ထို့အတူ မိုဘိုင်းလ်ဖုန်းပြောဆိုသုံးစွဲမှုပေါင်း ၂၇၉ ဘီလီယံအထိရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးမြင့်မှုမှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏ ကြိုးလိုင်းဖုန်းသုံးစွဲမှုသည်လည်း ၃၇၂သန်းအထိ တိုးမြင့်လာခဲ့သည်။

ဆက်လက်၍လည်း မိုဘိုင်းလ်ဖုန်းနှင့် ကြိုးတပ်ဖုန်းများသုံးစွဲမှု တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ တောင်းဆိုမှုများရှိနေကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သုံးနှစ်အတွင်း နီပေါ၌ ဖုန်းခြောက်သန်းကျော် တိုးမြှင့်ထုတ်လုပ်မည်

ခတ္တမန္ဒူ ဇူလိုင် ၂၆

နီပေါနိုင်ငံပိုင် နီပေါတယ်လီကွန်ကုမ္ပဏီ(အင်န်တီ)အနေဖြင့် လာမည့် သုံးနှစ်တာကာလအတွင်း တယ်လီဖုန်း ခြောက်သန်းကျော် ထုတ်လုပ်မည့် စီမံကိန်းတစ်ရပ်ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသည် ဟီမာလာယန်တိုင်းမ် သတင်းစာက ဇူလိုင် ၂၃ ရက်တွင် ဖော်ပြသည်။

ပိုမိုတိုးတက်

နီပေါတယ်လီကွန် အနေဖြင့် ဖုန်းလိုင်း ၁ဒသမ၆သန်း တိုးချဲ့သွားမည်ဖြစ်ပြီး နီပေါနိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများအား ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါသုံးနှစ်ကြာ စီမံကိန်းတွင် ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်း ၃ဒသမ ၅သန်းနှင့် စီဒီအမ်အေ ကြိုးမဲ့ဖုန်းတစ်သန်းပါ ထုတ်လုပ်သွားရန် (အင်န်တီ)အနေဖြင့် စီစဉ်ထားရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မလေးရှား နိုင်ငံသားတစ်ဦး အာကာသခရီးစဉ်ဖြင့် လိုက်ပါမည်

ဟို့စတန် ဇူလိုင် ၂၆

လာမည့် အောက်တိုဘာလ၌ အာကာသခရီးစဉ်အဖြစ် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ သွားရောက်မည့် ရှိတ်မူဇာဖာသည် မလေးရှားနိုင်ငံ၏ ပထမဆုံးအာကာသခရီးသွားတစ်ဦး ဖြစ်လာတော့မည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဇူလိုင် ၂၄ ရက်၌ ဖော်ပြသည်။

သွားရောက်

အသက် ၃၄ နှစ်အရွယ်ရှိ ရှိတ်မူဇာဖာသည် ရုရှားလုပ်ဆိုယုဇ် အာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သွားရောက်မည်ဖြစ်သည်။

ရှိတ်မူဇာဖာနှင့်အတူ ရုရှားအာကာသယာဉ်မှူး ယူရီမာလန်ချန်ကိုနှင့် အမေရိကန်အာကာသယာဉ်မှူး ပက်ဂီဝစ်ဆင်တို့လည်း လိုက်ပါသွားကြမည်ဖြစ်သည်။

ပြောကြား

မိမိအနေဖြင့် ယခုကဲ့သို့ အာကာသခရီးစဉ် သွားရောက်ခြင်းမှာ မလေးရှားနိုင်ငံ၌ အာကာသရေးရာနှင့် ပတ်သက်၍ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် စိတ်ဝင်စားမှုများပြားလာရန်ဖြစ်ကြောင်း နာဆာ၏ ဂျွန်ဆင်အာကာသယာဉ်စခန်း၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ရှိတ်မူဇာဖာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၇
(သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သေတတ်အောင်ကြိုးစားထားပါ အရှင်ကုဏ္ဍလ(မော်ကျွန်း) ဆရာတော်
၈:၀၀	ကုန်သွယ်စီးပွားနိုင်ငံ့အား (ပို့ကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Myanmar Video Rhythm
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ရေမြင့်....ကြာတင့် (ခန့်စည်သူ၊ ဇေရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ အူမကြီးကင်ဆာနှင့် မစင်အိမ်ကင်ဆာအကြောင်း ဒေါက်တာဉာဏ်သိန်း (အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့် တွေ့ဆုံခြင်း
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	ခိုင်တိုစန်နည်းပညာသစ်၊ အမှိုက်ထဲကရွှေဖြစ်
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀	Basic Computer Learning for Beginner (Vol-17) (Microsoft Powerpoint)
၁၀:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ရဝေအောင်နှင့် တွေ့ဆုံခြင်း)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	Yangon Panorama (Toshiba Notebook Show)
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	သဘာဝလက်ဆောင် စိမ်းပြာရေညှိထုတ်ကုန်များ
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၂။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း-၁၀)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇလမ်း သုခရိပ်ငြိမ်နေ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးသန်းဝင်း-ဒေါ်အေးသီတာဝင်း၊ သမီးမခင်သီတာဝင်းမိသားစုတို့က ဒေါ်အေးသီတာဝင်း၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်၂၅သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လက်ဘနွန်နိုင်ငံသား ဆင်စွယ်မှောင်ခိုမှုဖြင့် အဖမ်းခံရ

လူဆာကာ ဇူလိုင် ၂၆

ဇမ်ဘီယာနိုင်ငံတွင် မှောင်ခိုသယ်ဆောင်လာသော ဆင်စွယ် ၅၅ခုနှင့်အတူ လက်ဘနွန်နိုင်ငံသားတစ်ဦးကို ဇမ်ဘီယာရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ငွေကြေးတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၈၀၀၀၀ခန့်ရှိကြောင်း တိုင်းမ်အော့ဖ် ဇမ်ဘီယာ သတင်းစာက ဇူလိုင် ၂၁ ရက်၌ ဖော်ပြသည်။

အသက် ၆၅နှစ်အရွယ်ရှိ အဆိုပါလက်ဘနွန်နိုင်ငံသားအား ဇမ်ဘီယာနိုင်ငံ ကောပါဘီလ်ပြည်နယ် ကစ်ဝီမြို့၌ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ ၎င်းအား ဇမ်ဘီယာနိုင်ငံတောရိုင်းတိရစ္ဆာန်များဆိုင်ရာအာဏာပိုင်အဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်လာခြင်းအပေါ် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများက အထူးပင်ဝမ်းမြောက်ဂုဏ်ယူ

အမှာစကားပြောကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြိုဆိုဂုဏ်ပြု အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့တစ်တွေ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိရန်မှာ မဖြစ်မနေ လိုအပ်သည့်အချက်ဖြစ်သကဲ့သို့ ရှေးနှစ်ပေါင်းများစွာကတည်းက အတူနေထိုင်ခဲ့ကြတဲ့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ဘယ်လိုမှ ခွဲခြားမရနိုင်တဲ့ တိုင်းရင်းသားညီအစ်ကိုများ၏ သွေးစည်းညီညွတ်မှုသည်လဲ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ရန် အင်မတန်မှ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ လွန်ခဲ့တဲ့ ၁၅နှစ်ကျော်ကာလက အခြေအနေကို ပြန်ကြည့်ရင် လွတ်လပ်ရေးရပြီးစ ကာလအခြေအနေနှင့် ဘာမှမထူးခြားဘဲ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က နောက်ကျခဲ့တဲ့အပြင် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံပြည်သူများဟာ ကျီးလန့်စာစားပြီး မအေးချမ်းဘဲ ပင်ပန်းဆင်းရဲစွာနေခဲ့ကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီအဖြစ်ဆိုးတွေ ပပျောက်စေဖို့ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ရယူစဉ်ကစပြီး တိုင်းရင်းသားညီအစ်ကိုတွေအကြား သံသယစိတ်တွေဖျောက်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာဖြစ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားအောင် အဘက်ဘက်က ကြိုးစားဆောင်ရွက်ခဲ့ကြသလို ရှမ်းပြည်နယ်မှာ နယ်ချဲ့စနစ်ဆိုးကြောင့် အရိပ်မည်းလိုလွှမ်းမိုးခဲ့တဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို အပြီးတိုင် ဖယ်ရှားနိုင်အောင်လဲ ကြိုးစားခဲ့ကြပါတယ်။

❑ နိုင်ငံတော်အစိုးရရဲ့ ဖြူစင်တဲ့ စေတနာ ဖြောင့်မတ် မှန်ကန်တဲ့ ကြိုးပမ်းဆောင်ရွက်မှုနဲ့ တိုင်းရင်းသား ခေါင်းဆောင်များနဲ့ လက်တွဲဆောင်ရွက်မှုများကြောင့် ရှမ်းပြည်နယ် အစွန်အဖျား ဒေသအချို့မှအပ လက်နက်ကိုင် ပဋိပက္ခကင်းစင်ပြီး ငြိမ်းချမ်းမှုရဲ့ အသီးအပွင့်များ ပွင့်လန်းလာကာ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းတွေ ဖြစ်ထွန်းနေပြီ။

❑ မူးယစ်ဆေးဝါးအန္တရာယ်ဟာလဲ တစ်စတစ်စ ချုပ်ငြိမ်းပပျောက်လျက်ရှိပြီးဖြစ်။

❑ ရှမ်းပြည်နယ်မှာ အပြည့်အဝ မအေးချမ်းသေးတဲ့ အခြေအနေ ရှိနေသေးတဲ့အတွက် ပြည်နယ်တစ်ခုလုံး အပြည့်အဝ အေးချမ်းသာယာစေရန် ဒေသခံ ပြည်သူများက ဝိုင်းဝန်းကြိုးစားကြဖို့ လိုအပ်။

ဝိုင်းဝန်းကြိုးစား

ဒီလိုဆောင်ရွက်ရာမှာ **နိုင်ငံတော်အစိုးရရဲ့ ဖြူစင်တဲ့စေတနာ၊ ဖြောင့်မတ်မှန်ကန်တဲ့ ကြိုးပမ်းဆောင်ရွက်မှုနဲ့ တိုင်းရင်းသားခေါင်းဆောင်များနဲ့ လက်တွဲဆောင်ရွက်မှုများကြောင့် ရှမ်းပြည်နယ်အစွန်အဖျားဒေသအချို့မှအပ လက်နက်ကိုင် ပဋိပက္ခကင်းစင်ပြီး ငြိမ်းချမ်းမှုရဲ့အသီးအပွင့်များ ပွင့်လန်းလာကာ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းတွေ ဖြစ်ထွန်းနေပြီဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာလဲ တစ်စတစ်စ ချုပ်ငြိမ်းပပျောက်လျက်ရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် ရှမ်းပြည်နယ်မှာ အပြည့်အဝ မအေးချမ်းသေးတဲ့အခြေအနေရှိနေသေးတဲ့အတွက် ပြည်နယ်တစ်ခုလုံး အပြည့်အဝ အေးချမ်းသာယာစေရန် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးစားကြဖို့ လိုအပ်ဦးမှာ ဖြစ်ပါတယ်။**

ယခုကဲ့သို့ အချိန်ကာလမျိုးတွင် ရလလဖအဖွဲ့ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် ညီအစ်ကိုများက ဒေသနေတိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီးတော့ ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်နှင့် ပြည်သူတွေနှင့်တစ်သားတည်း ကျင့်ကြံနေထိုင်သွားကြရန်အတွက် သံသယစိတ်တွေနှင့် စွဲကိုင်ထားတဲ့ လက်နက်များကို အပြီးအပိုင်စွန့်လွှတ်အပ်နှံပြီး လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ဆောင်ရွက်လာခြင်းအပေါ် နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကိုယ်စားအားဖြင့်လည်းကောင်း အထူးပင်ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ယခုလို **ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး ပြည်သူအားလုံး ဝိုင်းဝန်းဖော်ဆောင်နေတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးမှာ မလိုအပ်ဘဲ လက်နက်ကိုင်စွဲထားခြင်းဟာ ဒီမိုကရေစီနည်းနဲ့မသင့်လျော်ဘူးလို့ ပြတ်ပြတ်သားသား သိမြင်ပြီး ခိုင်မာသောဆုံးဖြတ်ချက်နှင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို မလွဲဧကန်ဖော်ဆောင်နိုင်မှာဖြစ်သလို ဒေသဖွံ့ဖြိုးရေးကိုလဲ လျင်မြန်စွာ အထောက်အကူပြုအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါတယ်။ ဦးချစ်မောင်နှင့်တကွ စိတ်တူကိုယ်တူညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလာကြသော ညီအစ်ကိုအားလုံးကိုလဲ ဒေသခံပြည်သူများက ဟန်ဆောင်မှုကင်းတဲ့ အပြုံးမျက်နှာများနဲ့လှိုက်လှဲပျူငှာစွာ ကြိုဆိုနေတဲ့ မြင်ကွင်းဟာ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးရဲ့ရင်ကို ပီတိလှိုင်းများရိုက်ခတ်နေစေမှာဖြစ်ကြောင်း တင်စားဂုဏ်ပြုပြောကြားလိုပါတယ်။**

ဖြည့်ဆည်းကူညီ

ဟိုပုံး၊ ဆီဆိုင်မြို့နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလဲ အေးမြတဲ့ငြိမ်းချမ်းမှုအရသာကို ပြည့်ဝစွာခံစားကြရတော့မှာဖြစ်လို့ ဦးချစ်မောင်တို့တပ်ဖွဲ့ဝင်တွေအားလုံးကို ကျေးဇူးတင်မဆုံးရှိနေကြပါပြီ။ ယခုကဲ့သို့ ဦးချစ်မောင်တို့အဖွဲ့ရဲ့ ထူးခြားလေးနက်စွာ မှန်ကန်သည့် ဆုံးဖြတ်လုပ်ဆောင်ချက်များအပေါ် ဂုဏ်ပြုသောအားဖြင့် တိုင်းစစ်ဌာနချုပ်အနေနဲ့ လွတ်လပ်တဲ့လူသားတစ်ယောက်ဘဝနဲ့ ရိုးသားဖြူစင်စွာ လုပ်ကိုင်နေထိုင်ကြမယ့် ညီအစ်ကိုများရဲ့ စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်အတွက်လဲ စဉ်ဆက်မပြတ် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တိုင်းရင်းသားညီအစ်ကိုချင်း ချစ်ခင်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုတဲ့ ဖြူစင်ရိုးသားပြီး မွန်မြတ်တဲ့စိတ်ဓာတ်နဲ့ လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံခဲ့ကြတဲ့ ဦးချစ်မောင်နဲ့ အဖွဲ့ဝင်များအပါအဝင် ဥပဒေဘောင်အတွင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်နေကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကလဲ ရရှိဖြစ်ထွန်းပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းတွေ တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးတက်ဖြစ်ထွန်းစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနှင့် ဒေသခံပြည်သူများနှင့်အတူ တစ်သားတည်းကျင့်ကြံနေထိုင်ရင်း မိမိဒေသအကျိုး၊ မိမိတို့ရဲ့ ပြည်ထောင်စုကြီးအကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ထောက်ပံ့ရေးပစ္စည်းများ

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအတွက် ထောက်ပံ့သောပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

27-7 (03) 1 7/27/07, 2:53 AM

* ရွှေ့ဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၄၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ထို့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အင်အား ၁၃၇ ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးသော တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ ဖြစ်ကြသည့် SSA တပ်မဟာ(၁)၊ SSA တပ်မဟာ(၇)၊ SSNA(မိုင်းယွန်း)၊ PNO အဖွဲ့၊ MTA(နားရိုင်း)၊ MTA(မတ်ကျန်း)၊ MTA (ရွှေပြည်အေး)၊ SSS၊ ကလလတ၊ KNPDP၊ KNDP (နဂါး)၊ကမစည၊ကယန်းပြည်သစ်ပါတီ၊ KNG၊ SSAS (မိန်းစင်)၊ SSNA (ဝမ်ယိမ်း)နှင့် 'ဝ'အထူးဒေသ(၂) အပါအဝင် အဖွဲ့ပေါင်း ၁၇ ဖွဲ့တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ရှေးဦးစွာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် ဘန်းယဉ်စံပြကျေးရွာရှိအားကစားကွင်းသို့ဝင်ရောက်လာကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများကမ်းလှမ်း၍ လမ်းဘေးဝဲယာတို့မှ လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် အခမ်းအနားကို ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသဘာပတိများအဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က ဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ကြိုဆိုဂုဏ်ပြု အမှာစကားပြောကြားသည်။

(ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၏ ကြိုဆိုဂုဏ်ပြု အမှာစကားကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်၊ အမှတ်(၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်နှင့် ဦးကျော်ဝင်းခိုင်တို့က ၎င်းတို့၏အဖွဲ့ ကိုယ်စား လက်နက်များကို အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ကြသည်။

အပြီးအပိုင်စွန့်လွှတ်အပ်နှံ

ထို့နောက် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်က ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့်မိမိတို့အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်စကား ပြောကြားသည်။

[ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်၏ ပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။]

နွေးထွေးစွာကြိုဆို

ဆက်လက်၍ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အမှတ်(၉၄၃)တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်က မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ပြီး ဥပဒေဘောင်အတွင်း အပြည့်အဝ ငြိမ်းချမ်းရေးယူရခြင်းအကြောင်းအရင်းနှင့် မိမိတို့အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်စကား ပြောကြားသည်။

[ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)အမှတ်(၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်၏ ပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။]

ဒေသဖွံ့ဖြိုးရေးပိုမိုဆောင်ရွက်နိုင်

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံ ရှမ်းတိုင်းရင်းသူ မအေးမို့မို့လှိုင်က ဦးချစ်မောင်နှင့်အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် ဆီဆိုင်၊ ဆိုက်ခေါင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးရေးကို ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ကျေးဇူးတင် ဝမ်းမြောက်ကြောင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

(ဒေသခံ ရှမ်းတိုင်းရင်းသူ မအေးမို့မို့လှိုင်၏ ပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် အမှတ်(၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်တို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အမှတ်(၉၄၃) တပ်ရင်းတပ်ရင်းမှူး ဦးချစ်အောင်အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) အမှတ်(၉၄၃)တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင် လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်စဉ်။ (သတင်းစဉ်)

လက်ဆောင်ပေးအပ်

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ရလလဖမှ ဦးကျော်ဝင်းခိုင်အား ဂုဏ်ပြု လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၂၀၀ တို့ကို ရလလဖ ဥက္ကဋ္ဌ ဦးချစ်မောင်အား ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ထောက်ပံ့ရေးပစ္စည်းများကို ရလလဖ အမှတ်(၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်အား ပေးအပ်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ထောက်ပံ့ရေးပစ္စည်းများကို ရလလဖ ဥက္ကဋ္ဌ ဦးချစ်မောင်အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခင်းကျင်းပြသထား

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များက ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးနှင့်လက်နက်များအပြီးအပိုင်လဲလှယ်ရာတွင် စွန့်လွှတ်အပ်နှံခဲ့ကြသည့် လက်နက်ခဲယမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ်ရာတွင် စွန့်လွှတ်အပ်နှံခဲ့ကြသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်နက်ခဲယမ်းများ ခင်းကျင်းပြသထား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ်ရာတွင် စွန့်လွှတ်အပ်နှံခဲ့ကြသည့် လက်နက်ခဲယမ်း များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် ရလလဖဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင် အင်အား ၁၃၇ဦးတို့သည် အမ်-၈၂ လောင်ချာတစ်လက်၊ ဘီအေ ၇၂တစ်လက်၊ ဝမ်ချက်စတာ တစ်လက်၊ အမ်-၇ တစ်လက်၊ ၆၀မမ ဟိုမိန်းလုပ် စိန်ပြောင်း နှစ်လက်၊ အာရ်ပီဂျီ လေးလက်၊ အမ်-၇၉ နှစ်လက်၊ အမ်-၂၂ ၂၃လက်၊ အမ်-၂၁ ငါးလက်၊ ဘီအေ-၆၄ ငါးလက်၊ ဘီအေ-၆၃ ခုနစ်လက်၊ ပွိုင့်၃၀ ကာဘိုင် ရှစ်လက်၊ COLTပစ္စတို နှစ်လက်နှင့် ခြောက်လုံးပြူး သုံးလက်၊ ၉မမ ပစ္စတို ရှစ်လက်၊ အမ်-၂၀ ပစ္စတိုလေးလက်၊ လုပ်သေနတ် သုံးလက်၊ ကိုးလုံးထိုးပြောင်းတို နှစ်လက်၊ ကိုးလုံးထိုးပြောင်းရှည် လေးလက်၊ အမ်-၂၃ တရုတ်စက်လတ် နှစ်လက်၊ အမ်-၁၆ ၃၄လက်၊ အမ်-၁၆ စက်လတ် တစ်လက်၊ အမ်-၁၆/ ၄၀မမ နှစ်လက်နှင့် ပွိုင့်-၃၈ ပစ္စတို တစ်လက်တို့နှင့် ခဲယမ်းနှင့် ဗုံးသီးမျိုးစုံ တို့ကို အပြီးအပိုင်စွန့်လွှတ်၍ နိုင်ငံတော်သို့ အပ်နှံခဲ့ကြသည်။ **(သတင်းစဉ်)**

သောင်းသောင်းဖြဖြကြိုဆို

ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

(အောက်ပုံနှင့် အောက်ယာပုံ) (သတင်းစဉ်)

နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေ ကင်းစင်လာ မည်သူ့တိုက်တွန်းချက်မှုမပါဘဲ လက်နက်ကို အပြီးအပိုင်စွန့်လွှတ်

ပြည်သူ့အကျိုးစီးပွားကို ဘဝတစ်လျှောက်လုံး ထိန်းသိမ်းစောင့်ရှောက်မည့် ပြည်သူ့သားတစ်ဦးအဖြစ် ဥပဒေဘောင်အတွင်း နေထိုင်သွားရန်ဆုံးဖြတ်

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို နားလည် ယုံကြည်လာသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်၏ ပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော်ကတော့ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒေသခံ ပအိုဝ်းအမျိုးသား ဖြစ်ပါတယ်။ ကျွန်တော်ဟာ တစ်ချိန်က ကိုယ့်ယုံကြည်ချက်အရ နိုင်ငံတော်အစိုးရကို လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ပါတယ်။ လက်နက်ကိုင်လမ်းစဉ် လိုက်ခဲ့တယ်လို့လဲ ပြောလို့ရပါတယ်။ ဒါဟာလဲ ကိုယ့်ဒေသစွဲ၊ ကိုယ့်လူမျိုးစွဲတွေကြောင့်လဲ ဖြစ်ပါတယ်။ ဘဝသစ်ထူထောင်မယ်၊ ကိုယ့်လူမျိုးစုအတွက် ကောင်းအောင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ခဲ့တာပါပဲ။ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ကာလတစ်လျှောက် နှစ်ပေါင်း ၄၅နှစ်ကြာကာလမှာ ကျွန်တော်တို့လူမျိုးတွေရဲ့အပေါ် နှိပ်စက်ရာကျခဲ့ရုံမကဘဲ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ မွေးဖွားရာ ဒီနယ်မြေဟာ တိုက်ပွဲတွေ မကြာခဏ ဖြစ်ပြီး ပြည်သူတွေ ထိခိုက်နစ်နာ အတိဒုက္ခရောက်ကြပါတယ်။ လုံးဝ အမှောင်ဖုံးလွှမ်းနေတဲ့ အချိန်ကာလကြီး ပါပဲခင်ဗျာ။

နားလည်သဘောပေါက်

ဒီလိုနဲ့ပဲ အချိန်တွေရလာတာနဲ့အမျှ၊ ရေရှည်လာတာနဲ့အမျှ ကျွန်တော်တို့လုပ်ရပ်တွေ မမှန်ကန်တော့ကြောင်း တစ်စတစ်စ တွေ့ရှိလာပါတယ်၊ သိရှိလာပါတယ်၊ နားလည်သဘောပေါက်လာပါတယ်။ ဒီလို နားလည်သဘောပေါက်လာသော်လဲ ကျွန်တော်တို့အနေနဲ့ တောတွင်းဘဝကို နစ်မြုပ်ရာမှ ရုန်းမထွက်ဘဲ အမှန်ကို အမှန်မမြင်ဘဲ အမှားကိုသာ အမှန်လို့ထင်ပြီး ကျေနပ်နေခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်မှာတော့ ကျွန်တော်တို့အဖွဲ့နဲ့ ယုံကြည်မှု၊ နားလည်မှုရရှိလာပြီး နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးခဲ့တဲ့ စေတနာတွေနဲ့ လုပ်ရပ်တွေကို နားလည်သဘောပေါက်ပြီး ကျွန်တော်တို့အဖွဲ့ဟာ ဥပဒေဘောင်အတွင်းကို ၁၉၉၄ ခုနှစ်မှာ ဝင်ရောက်ခဲ့ပြီး ပြည်သူလူထုရဲ့အကျိုးကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လဲ **ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်းများစွာက ကိုလိုနီအမွေဆိုးဖြစ်တဲ့ သွေးခွဲအုပ်ချုပ်မှုအစဉ်အလာနဲ့ ပဒေသရာဇ်အာဏာနဲ့ အုပ်စိုးမှု အစွဲအလမ်းကြောင့် နိုင်ငံတော်အစိုးရအပေါ် အပြည့်အဝ ယုံကြည်မှု မရှိခဲ့ပါဘူး။ ဒါကြောင့် လက်နက်စွဲကိုင်မှုကို မစွန့်လွှတ်သေးဘဲ အစိုးရနဲ့ ပူးပေါင်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့ လုပ်ရပ်နဲ့ပဲ ရပ်တည်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူတွေဟာ ကျွန်တော်တို့ကို ကြောက်လန့်နေကြတာကြောင့် အမှန်တကယ် လိုလိုလားလား ထောက်ခံကြသလားဆိုတာ မသိဘဲ ပြည်သူလူထုတွေရဲ့ အားပေး**

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ထောက်ခံမှုကို ရရှိနေတယ်လို့ပဲ အထင်တကြီးနဲ့ နေခဲ့တာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ

နှစ်ပေါင်းများစွာ ကြာလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ဆန့်ကျင်တဲ့ နှစ်တွေကြာလာသည်နှင့်အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ထားခြင်းဟာ ကျွန်တော်တို့အတွက်၊ ဒေသခံပြည်သူများအတွက်နဲ့ တိုင်းပြည်အတွက် အကျိုးမရှိကြောင်း သိရှိလာခဲ့ပါတယ်။ ဒါကြောင့် ဒီလက်နက်များကိုစွန့်ပြီး နိုင်ငံတော်က ယနေ့ဖော်ဆောင်ပေးနေတဲ့ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်လာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရမယ့် ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ကြခြင်းသည် စစ်မှန်ကောင်းမွန်သော ဒီမိုကရေစီစနစ်လုပ်ဆောင်ချက်များဟု သဘောပေါက် နားလည်လာသဖြင့် လက်နက်များ စွန့်လွှတ်ရခြင်းဖြစ်ပါတယ်။

အကြွင်းမဲ့ယုံကြည်လာ

နိုင်ငံတော်အစိုးရက ပြည်သူလူထုကို ကျေးသားရင်သား မခွဲခြားဘဲ တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်း မျှမျှတတ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေတာကို နေ့စဉ်နှင့်အမျှ တွေ့နေရပါတယ်။ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးတွေ သတ်မှတ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်း ညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာတွေကို တွေ့နေရတဲ့အတွက် ကျွန်တော့်အနေနဲ့ လက်နက်ကိုင်ထားတဲ့လမ်းစဉ်အပေါ် ပြန်လည် သုံးသပ်နေမိတာ ကြာပြီဖြစ်ပါတယ်။ **ဒီကနေ့ နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာလဲ တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေးရရှိကြမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေအပေါ် ကျွန်တော့်အနေနဲ့ သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီဖြစ်ပါတယ်။**

သံသယစိတ်ကင်းစင်

ဒီနယ်မြေရဲ့ တည်ငြိမ်အေးချမ်းမှု၊ ဒီနယ်မြေရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ဟာ ဒီနယ်မြေမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကို မထမ်းဆောင်နိုင်သရွေ့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး စိတ်အေးချမ်းနိုင်မှာ မဟုတ်တော့ဘူးလို့ ခံစားမိပြီး အခုလို တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်၊ နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှုမပါဘဲ နှစ်ပေါင်းများစွာ ကိုင်စွဲလာတဲ့လက်နက်ကို အပြီးအပိုင် နိုင်ငံတော် အစိုးရကို အပ်နှံခြင်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ကျွန်တော်တို့ဟာ ပြည်သူတွေကြားက ပြည်သူ့သားတစ်ဦးအဖြစ်နဲ့ **နိုင်ငံတော်ရဲ့မေတ္တာ၊ စေတနာတွေကိုခံစားရင်း ဥပဒေဘောင်အတွင်းမှာ နေထိုင်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒေသခံလူထုအားလုံးကလဲ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ဝမ်းမြောက်လိုက်လှဲစွာ ကြိုဆိုကြပါတယ်။ နောင်ဘယ်တော့မှ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် လုပ်ရပ်များ မဖြစ်စေရေး တပ်ဖွဲ့ဝင်များအားလုံးကိုယ်စား ကတိပြုပြောကြားပါတယ်။**

တစ်ဆက်တည်းမှာပဲ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့လိုပဲ တစ်ချိန်က အကြောင်းအမျိုးမျိုး၊ အစွဲအလမ်းအမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ဥပဒေဘောင်အတွင်း ဝင်ထားတဲ့ ညီအစ်ကိုအဖွဲ့အစည်းအားလုံးတွေကိုလဲ ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ်ရောက်စေဖို့ ပြည်သူလူထုအပေါ် စစ်မှန်တဲ့ မေတ္တာ၊ စေတနာအပြည့်အဝအားဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေကို ပယ်ဖျက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခြင်းအားဖြင့် နိုင်ငံတော်အပေါ်မှာ၊ တိုင်းရင်းသား ပြည်သူလူထုအပေါ်မှာ စောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

စေတနာအမှန်

တကယ်တမ်းကျတော့ အခုအချိန်ဟာ လုပ်ငန်း စဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်စိုင်းပြင်းနေကြချိန် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအတွက် အခွင့်အခါကောင်းလို့လဲ ပြောလို့ရပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော့်အမြင်ပြောရရင် လက်နက်ကိုင်ပြီး ဒီမိုကရေစီပန်းတိုင်ကိုချီတက်ခြင်းထက် လက်နက်မပါ ဒီမိုကရေစီပန်းတိုင် ချီတက်ခြင်းက ပိုဆီလျော်မယ်လို့ ကျွန်တော်တို့အဖွဲ့ရဲ့ ယုံကြည်ချက်ကို စိတ်ရင်းအမှန်၊ စေတနာအမှန်ဖြင့် အသိပေးတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုလို ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးကို ခြွင်းချက်မရှိ လက်နက်နှင့် လဲလှယ်ခဲ့တဲ့အပေါ် သဘောထားကြီးစွာဖြင့်၊ စေတနာမှန်ကန်စွာဖြင့် ခွင့်လွှတ်လက်ခံပေးပါသော နိုင်ငံတော်အစိုးရ၊ တပ်မတော်အစိုးရအားလည်းကောင်း၊ တစ်ချိန်ကမှားယွင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ လုပ်ရပ်များအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် နွေးနွေးထွေးထွေး ကြိုဆိုလက်ခံကြသော နယ်မြေခံ တိုင်းရင်းသား ပြည်သူလူထုအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

တကယ်တော့ ကျွန်တော်တို့ဟာ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူတွေဟာ ကျွန်တော်တို့ကို ကြောက်လန့်နေကြတာကြောင့် အမှန်တကယ် လိုလိုလားလား ထောက်ခံကြသလား ဆိုတာ မသိဘဲ ပြည်သူလူထုတွေရဲ့ အားပေးထောက်ခံမှုကို ရရှိနေတယ်လို့ပဲ အထင်တကြီးနဲ့ နေခဲ့။

ကျွန်တော်တို့ရဲ့ လက်နက်ကိုင် ဆန့်ကျင်တဲ့ နှစ်တွေကြာလာသည်နှင့်အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ထားခြင်းဟာ ကျွန်တော်တို့အတွက်၊ ဒေသခံပြည်သူများအတွက်နဲ့ တိုင်းပြည်အတွက် အကျိုးမရှိကြောင်း သိရှိလာခဲ့။

ဒါကြောင့် ဒီလက်နက်များကိုစွန့်ပြီး နိုင်ငံတော်က ယနေ့ဖော်ဆောင်ပေးနေတဲ့ ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရမယ့် ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ကြခြင်းသည် စစ်မှန်ကောင်းမွန်သော ဒီမိုကရေစီစနစ် လုပ်ဆောင်ချက်များဟု သဘောပေါက်နားလည်လာသဖြင့် လက်နက်များ စွန့်လွှတ်ရခြင်းဖြစ်။

ဒီကနေ့ နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူများဟာလဲ တစ်ချိန်က ကျွန်တော်တို့ လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှု အနည်းဆုံး အခွင့်အရေးရရှိကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေ အပေါ် ကျွန်တော့်အနေနဲ့ သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာခဲ့ပြီ။

၁၉၈၄ မှာ ဥပဒေဘောင်ထဲဝင်ခဲ့ပေမယ့် လက်နက်တွေဆက်ကိုင်ထား ပြည်သူတွေရဲ့ အားပေးထောက်ခံမှု စေတနာသန့်သန့်နဲ့ မရရှိခဲ့ ပြည်သူများ စိတ်ပူပန်သောကဖြစ်အောင် လုပ်ကိုင်လိုစိတ်မရှိတော့

ထာဝရငြိမ်းချမ်းမှသာ နိုင်ငံအကျိုး ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်မည်ဟုခံယူ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို နားလည်ယုံကြည်လာသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) အမှတ် (၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင်၏ ပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

နားလည်သဘောပေါက်

ကျွန်တော်တို့ ရလလဖအဖွဲ့အနေနှင့် အစိုးရရဲ့စေတနာနဲ့ လုပ်ဆောင်မှုတွေအပေါ် ယုံကြည်လက်ခံတယ်ဆိုပြီး ၁၉၈၄ခုနှစ်မှာ ဥပဒေဘောင်ထဲဝင်ခဲ့ကြပေမယ့် လက်နက်များ ဆက်လက်ကိုင်ထားကြပြီး အကျင့်ဆိုးလေးတွေ မပျောက်ဘဲ ပြည်သူအပေါ် အနိုင်အထက်ပြုမှုလေးတွေ ဖြစ်နေကြတာကြောင့် ပြည်သူတွေရဲ့ အားပေးထောက်ခံမှု၊ ကူညီပံ့ပိုးမှုကို စေတနာသန့်သန့်နဲ့ မရရှိခဲ့ကြပါဘူး။ ပြည်သူက ကျွန်တော်တို့ကို ကြောက်လို့ပေး၊ ကြောက်လို့ကျွေး၊ ကြောက်လို့ လုပ်ကိုင်ပေးနေကြတာလို့ တဖြည်းဖြည်းသိမြင်လာတယ်။ ဥပဒေဘောင်အတွင်း လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့ရဲ့လုပ်ရပ်တွေဟာ အမှန်တွေမှဟုတ်ရဲ့လားလို့လဲ တွေးမြင်ပြီး ကိုယ့်ကိုယ်ကို လိပ်ပြာမလုံ ဖြစ်မိပါတယ်။ **ထာဝရငြိမ်းချမ်းမှု ရရှိမှသာ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှာ ဖြစ်ပြီး ပြည်သူလူထုဟာလဲ စိတ်အေးချမ်းသာစွာနဲ့ နေထိုင်နိုင်မှာဖြစ်တယ်လို့ ခံယူမိလာပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထု စိတ်ပူပန်သောက ဖြစ်စေမယ့် အခြေအနေမျိုးကို လုပ်ကိုင်လိုစိတ် မရှိကြတော့ပါဘူး။ ဒါ့အပြင် နိုင်ငံတော်ရဲ့ စိတ်ရင်းကောင်း စေတနာကောင်းတွေနဲ့ လုပ်ဆောင်ချက်များ အပေါ် နားလည်သဘောပေါက်လာခဲ့တာကြောင့်လဲ ဒီကနေ့ လက်နက်တွေ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ရခြင်း ဖြစ်ပါတယ်။**

ကျွန်တော်တို့အနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့စဉ်က ယုံကြည်မှုဆိုတာထဲမှာ သံသယတွေပါနေဆဲဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော်တို့တွေဟာ ခေါင်းဆောင် ဦးချစ်မောင်နဲ့အတူ တစုတစည်းထဲ လက်နက်တွေကို အပြီးအပိုင်စွန့်လွှတ်မှာဖြစ်လို့ ပြည်သူလူထုအားလုံး တောင့်တနေတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင် ဦးချစ်မောင် တင်ပြသွားခဲ့သလို **လက်နက်တွေ စွဲကိုင်ခြင်းအားဖြင့် ပြည်သူတွေရဲ့အကျိုးကို အမှန်တကယ် သယ်ပိုးနိုင်တာမဟုတ်ဘဲ ဒီလက်နက်တွေနဲ့ ပြည်သူတွေကို စိုးရိမ်ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေပြီး ပြည်သူတွေထဲက ကောက်ခံရရှိတဲ့ ဆက်ကြေး၊ အခွန်အခတွေနဲ့ ကျွန်တော်တို့ ရပ်တည်နေကြတာကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဒုက္ခတွေမဖြစ်အောင် သာမန်လူသားဘဝအဖြစ် ရိုးရိုးသားသား ဖြူဖြူစင်စင် စိတ်ထားနှင့် ပြည်သူများနှင့်အတူ လက်တွဲပြီး ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်တော်တို့ အခုလို လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံတာကို တိုင်းရင်းသားညီအစ်ကိုတွေအားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြတာကို တွေ့မြင်ခံစားရတဲ့အတွက် ကျွန်တော့်ဘဝမှာ မကြုံဖူးတဲ့ ဝမ်းသာကြည်နူးမှုနှင့်အတူ စိတ်ချမ်းသာမှုကို ရရှိခံစားမိကြောင်း ရင်ထဲမှာရှိတဲ့ စကားအတိုင်း တင်ပြလိုပါတယ်။**

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အမှတ် (၉၄၃) တပ်ရင်း တပ်ရင်းမှူး ဦးချစ်အောင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

လှိုက်လှဲစွာဖိတ်ခေါ်

ကျွန်တော်တို့အားလုံး ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ အရင်က မှားယွင်းခဲ့တဲ့ လုပ်ရပ်တွေကို နောင်ဘယ်တော့မှ ထပ်မံမဖြစ်အောင် နေထိုင်သွားမယ့် အကြောင်း ကတိပြုပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်ရဲဘက်များနဲ့ အခြားသော တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုများ အားလုံးကို ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ကြဖို့ လှိုက်လှဲစွာ ဖိတ်ခေါ်ရင်းနဲ့ ပြည်သူလူထုရဲ့ ရင်တွင်းခံစားချက်အမှန်ကို ဖြည့်ဆည်းပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ ။

လက်နက်တွေ စွဲကိုင်ခြင်းအားဖြင့် ပြည်သူတွေရဲ့ အကျိုးကို အမှန်တကယ် သယ်ပိုးနိုင်တာ မဟုတ်ဘဲ ဒီလက်နက်တွေနဲ့ ပြည်သူတွေကို စိုးရိမ်ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေ၊

ကျွန်တော်တို့အားလုံး ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ အရင်က မှားယွင်းခဲ့တဲ့ လုပ်ရပ်တွေကို နောင်ဘယ်တော့မှ ထပ်မံမဖြစ်အောင် နေထိုင်သွားမယ့် အကြောင်း ကတိပြုပြောကြားလို၊

ကျွန်တော်တို့အနေနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်ရဲဘက်များနဲ့ အခြားသော တိုင်းရင်းသား လက်နက်ကိုင် ညီအစ်ကိုများအားလုံးကိုငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ကြဖို့ လှိုက်လှဲစွာ ဖိတ်ခေါ်။

နိုင်ငံတော်သို့ အပြီးအပိုင်စွန့်လွှတ်အပ်နှံခဲ့သည့် လက်နက်များ

- အမ် ၈၂ လောင်ချာတစ်လက်၊ ဘီအေ ၇၂ တစ်လက်၊ ဝမ်ချက်စတာတစ်လက်၊ အမ်-၇ တစ်လက်၊ ၆ဝမမ ဟိုမိန်းလုပ် စိန်ပြောင်းနှစ်လက်၊ အာရ်ပီဂျီလေးလက်၊ အမ်-၇၉ နှစ်လက်၊ အမ်-၂၂ ၂၃လက်၊ အမ်-၂၃ ငါးလက်၊ ဘီအေ-၆၄ ငါးလက်၊ ဘီအေ-၆၃ ခုနစ်လက်၊ ပွိုင့် ၃၀ ကာဘိုင်ရှစ်လက်၊ COLT ပစ္စတို နှစ်လက်နှင့် ခြောက်လုံးပြူး သုံးလက်၊ ၉မမ ပစ္စတို ရှစ်လက်၊ အမ်-၂၀ ပစ္စတို လေးလက်၊ လုပ်သေနတ် သုံးလက်၊ ကိုးလုံးထိုးပြောင်းတို နှစ်လက်၊ ကိုးလုံးထိုးပြောင်းရှည် လေးလက်၊ အမ်-၂၃ တရုတ်စက်လတ် နှစ်လက်၊ အမ်-၁၆ ၃၄လက်၊ အမ်-၁၆ စက်လတ် တစ်လက်၊ အမ်-၁၆/၄၀မမ နှစ်လက်၊ ပွိုင့်-၃၈ ပစ္စတိုတစ်လက်၊ ခဲယမ်းနှင့် ဖုံးသီးမျိုးစုံ။

IDP, Refugee တွေ ပပျောက်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသ တကယ်တည်ငြိမ်

မိုးတွေစွေသော တနင်္ဂနွေ တစ်နံနက်ဖြစ်သည်။

တနင်္ဂနွေ ရုံးပိတ်ရက်ကလဲ ဖြစ်ပြန်၊ မိုးအေးအေးနှင့် အိပ်ရာထဲတွင် ကွေး၍ကောင်းသော ရာသီကလဲ ဖြစ်ပြန်သည့်အတွက် "သည်မနက်တော့ တစ်ခါတစ်လေ ဇိမ်ခံပြီး ကွေးလိုက်ဦးမယ်"ဟု တွေးရင်း အချိန်တန်၍ နိုးလာသော မျက်လုံးကို အသာပြန်မှိတ်ပြီး ဇွတ်ပြန်အိပ်ရန်ကြိုးစားမိပါသည်။ ဩော်-မိုးအေးအေးမှာ စောင်လေးအသာခြုံပြီး ကွေးရတဲ့ အရသာဟာ တယ်စည်းစိမ်ကြီးလှပါကလား။ အဟောဝတ… ချမ်းသာစွ။

သို့သော်…သို့သော်။ ကျွန်တော်၏ ထိုစည်းစိမ်သည် တာရှည်မခံခဲ့ပါ။ မိုးသံလေသံတွေကြားမှာပင် ကပ်လျက် တစ်ဖက်အိမ်ခန်းဆီမှ ရေဒီယိုသံက စူးရဲလှစွာ ကျွန်တော်၏အာရုံကို လာနှောက်ပါလေသည်။ ရေဒီယိုသံက လာနှောက်သည်ထက် ရေဒီယိုလေလှိုင်းထဲမှ မဟုတ်တမ်းတရမ်း ချန်ပီယံ VOA ၏ အသံက ငှက်ဆိုးထိုးသံပမာ ကျွန်တော့်ကို လာနှောက်ခြင်းဖြစ်သည်။ အရည်မရ အဖတ်မရ မုသာဝါဒတွေ နားထောင်ချင်စိတ် မရှိတော့သဖြင့် သည်လေပုပ်ထုတ်စူးစူးရဲရဲအသံမှတစ်ဆင့် BBC၊ VOA တို့အကြောင်း အတွေးနယ်ချဲ့မိနေသော ကျွန်တော့် စိတ်အလျဉ်သည် မထူးသော်လည်း ဆန်းနေသည့် သတင်းတစ်ပုဒ်ကြောင့် အာရုံကို ပြန်၍စုစည်းလိုက်မိပါသည်။ ကြည့်စမ်း… တယ်လဲ ပြောရဲကြ၊ ပြောထွက်ကြပါကလား။ မြန်မာစစ်တပ်၏ ထိုးစစ်ကြောင့် ပြည်တွင်းမှ အိုးအိမ်စွန့် ထွက်ပြေးသူတွေ အထူးများပြားလာပါသတဲ့။ သူခိုးက လူဟစ်လို့ ဖြစ်ချင်တိုင်း ဖြစ်နေကြပြန်သည်။ "မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်မက်ဖြစ်ပွားမှုဒဏ်ကြောင့် အိမ်နီးချင်းနိုင်ငံတွေဆီ ထွက်ပြေးခိုလှုံနေကြတဲ့ ဒုက္ခသည်တွေလဲ တိုးနေဆဲပါ။ ဒီဒုက္ခသည်တွေထဲမှာ ကရင်ဒုက္ခသည်တွေက အများစုဖြစ်ပါတယ်။ အခုလဲ လက်ရှိ မြန်မာစစ်တပ်တွေရဲ့ ထိုးစစ်တွေကြောင့် ပြည်တွင်းအိုးအိမ်စွန့် ထွက်ပြေးကြသူတွေများလာပြီး ထိုင်း-မြန်မာနယ်စပ် သံလွင်မြစ်ကမ်း မြန်မာပြည်ဘက်ခြမ်းမှာ ကရင်ပြည်နယ်အတွင်း ဌာနေမဲ့သူများ အကူအညီပေးရေးအဖွဲ့က ယာယီဒုက္ခသည်စခန်းသစ်တစ်ခုကို ပြီးခဲ့တဲ့လက ဖွင့်ခဲ့ရပါတယ်။ ဒါ့အပြင် ဒီဒုက္ခသည်တွေရဲ့ စားဝတ်နေရေးနဲ့ပတ်သက်လို့လဲ ကရင်ပြည်နယ်အတွင်း ဌာနေမဲ့သူများ အကူအညီပေးရေးအဖွဲ့နဲ့အတူ နိုင်ငံခြား NGO အဖွဲ့တွေနဲ့ တစ်သီးပုဂ္ဂလတွေကလဲ ကူညီထောက်ပံ့ ပေးနေတယ်လို့လဲ ဆိုပါတယ်။ များသောအားဖြင့် တိုင်းရင်းသား ဒုက္ခသည်အများစုဟာ အခုလို အိုးမဲ့အိမ်မဲ့ ထွက်ပြေးကြရပြီဆိုရင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံတစ်ခုတည်းသို့သာ ထွက်ပြေးကြလေ့ရှိကြောင်း သိရှိရပါတယ်" ဆိုပါကလား။ မဟုတ်မဟတ် လုပ်ဇာတ်ထိုးပေးသည့်သူက ထိုးပေးပြီး လွှင့်သည့်သူက အားရပါးရ လွှင့်နေလိုက်ကြသည်မှာ နူတ်ခမ်းပဲ့ချင်းမီးမှုတ်ပြီး အဟုတ် အဆင်ပြေနေကြရှာ၏။ တော်ကြပါပေရဲ့။

သို့သော် ဒုက္ခသည်စခန်းနှင့် KNU ဆိုသည်မှာ ခွဲခြား၍ရကောင်းသော အရာမဟုတ်ကြောင်း ကျွန်တော်တို့အားလုံးက သိထားကြပြီးဖြစ်သည်။ KNU သည် ဒုက္ခသည်စခန်းဗန်းပြပြီး ဒေသခံကိုယ့်အမျိုးသားတိုင်းရင်းသားများကို ဒုက္ခသည်စခန်းဆိုသောနေရာများသို့ အတင်းအဓမ္မ မောင်းသွင်း ရွှေ့ပြောင်းခိုင်းနေသူများသာဖြစ်သည်။ လူပြောများနေသည့် Internal Displaced Person (IDP) ပြဿနာ၊ Refugee ပြဿနာတို့၏ ပင်မဇာစ်မြစ် တရားခံစစ်စစ်များသာဖြစ်၏။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲ ဖျက်ဆီးမှုများဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အတိဒုက္ခရောက်အောင် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ဖျက်ဆီးနေကြသူများသာ ဖြစ်သည်။ အနောက်မျှော်ဝါဒနှင့် ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက်နေသူများသာ ဖြစ်သည်။ KNU ၏ မဟုတ်သောအကြံ၊ မမှန်သောအကျင့်၊ မသင့်သောအယူ၊ မဖြူသော နှလုံးကို ရေလည်အောင် ပြောရလျှင်ကား ပြောမဆုံးပေါင်တောသုံးထောင် ဖြစ်ပေလိမ့်မည်။

မဟုတ်တမ်းတရမ်း သတင်းမှားများဖြင့် စွပ်စွဲပုတ်ခတ်ပြီး VOA အသံဆုံးသွားချိန်တွင် ကျွန်တော်ဆက်၍ ကွေးမနေနိုင်တော့။ အိပ်ရာမှ လူးလဲထပြီး သွားတိုက်၊ မျက်နှာသစ်၊ နံနက်စောစာစားရင်း သူတို့ သတင်းအမှားတွေကတစ်ဆင့် အမှားကြာ အမှန်မဖြစ်ရလေအောင် အမှန်နှင့်ချေဖျက်ဖို့လိုကြောင်း စဉ်းစားမိသည်။ မဟုတ်မဟတ် လုပ်ဇာတ်ထိုးပြီး သူတို့ လီဆယ်လုပ်ကြံ စွပ်စွဲပုတ်ခတ်ထားသမျှကို အဖြစ်မှန်နှင့် ယှဉ်ကာ အကျိုးအကြောင်း၊ အဆိုးအကောင်း ဆွေးနွေးတုံ့ပြန် ချေဖျက်ရန်မှာ နိုင်ငံသားပြည်သူတိုင်း၏ တာဝန်ပင်မဟုတ်ပါလား။

ဤသို့သော အခြေအနေမျိုးတွင် ကျွန်တော် မည်သူ့ကို သတိရမိမည် ထင်ပါသလဲ။ ကျွန်တော်၏ ချစ်လှစွာသော ဘကြီးစိုးနှင့် ကြီးကြီးမြတို့ပင် ဖြစ်ပါသည်။ ဘကြီးစိုးနှင့် ကြီးကြီးမြတို့အိမ်သို့ မရောက်ဖြစ်သည်မှာ ကြာခဲ့ပြီ။ ဖတ်မှတ်လေ့လာအားကောင်းပြီး နိုင်ငံရေးအမြင်ကျယ်သည့် အငြိမ်းစား ပါမောက္ခ ဘကြီးစိုးနှင့် မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး အမှန်တရားကို မြတ်နိုးတတ်သော အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ကြီးကြီးမြတို့ ဇနီးမောင်နှံသည် ကျွန်တော့်အတွက်တော့ အဖိုးမဖြတ်နိုင်သော ပညာဗဟုသုတနှင့် အတွေးအခေါ်၊ အသိအမြင် ဟင်းလေးအိုးကြီးပင် ဖြစ်သည် မဟုတ်ပါလား။

ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံမှ ခွင့်ပန်ပြီး ပြန်ရောက်နေသော ဘကြီးစိုးနှင့် ကြီးကြီးမြကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ခွင့်ရခဲ့ပါသည်။

ဘကြီးစိုး – လာဟေ့… မောင်ကျော်၊ မင်းမလဲ မတွေ့တာကြာပါပြီကောကွ။

စိုးမြကျော် – ဟုတ်ကဲ့ ဘကြီးခင်ဗျား၊ မတွေ့တာကြာဆို ကျွန်တော်လဲ မေးချင်သိချင်တာလေးတွေရှိမှပဲ ဘကြီးတို့၊ ကြီးကြီးတို့ဆီ ရောက်ဖြစ်တဲ့ သဘောဖြစ်နေတော့ အပြစ်တင်ရင်လဲ ခံရတော့မှာပဲခင်ဗျာ။ ဘကြီးနဲ့ ကြီးကြီးတို့ နေထိုင်ကောင်းကြပါရဲ့နော်။

ကြီးကြီးမြ – အေး၊ အေး…မင်းဘကြီးရော၊ ကြီးကြီးရော နေထိုင်ကောင်းကြပါရဲ့ကွယ်။ ကြီးကြီးတို့ကလဲ သတိရနေတာပါမောင်ရာ။ ပြီးခဲ့တဲ့ အပတ်ထဲကတောင် မင်းဘကြီးက မင်းကို မေးနေသေးတယ်။

ဘကြီးစိုး – အေး… မေးတယ်ဆိုတာကလဲ သတိရလို့ပါ။ ဘာရယ် မဟုတ်ပါဘူး။ ဒါပေမယ့် အသက်ကလေးရလာပြီး အိမ်မှာ သားထောက်သမီးခံမရှိတော့လဲ စကားပြောဖော် မျှော်ရတာပေါ့ကွာ။

စိုးမြကျော် – ဟန်ကျလိုက်လေ ဘကြီးရယ်။ နောက်ဆို ကျွန်တော်မကြာခဏလာပြီး စကားပြောဖော်တာဝန်ယူပါ့မယ်။ စကားဝိုင်းထိုင်ရင်း ဘကြီးတို့ ကြီးကြီးတို့ဆီက ပညာဗဟုသုတတွေ၊ အတွေ့အကြုံတွေ၊ အတွေးအမြင်တွေကို နာယူမှတ်သားခွင့်ရတာ ကျွန်တော့်အတွက်တော့ သိပ်ကို အဖိုးတန်တဲ့ ဆုလာဘ်ကြီးတစ်ပါးပါပဲ။

ကြီးကြီးမြ – ကဲပါ မောင်ကျော်ရယ်… သိပ်ပြီး နိဒါန်းတွေသွယ်မနေပါနဲ့တော့။ ခုနတုန်းက မင်းပြောလိုက်တဲ့ အထဲမှာ မေးချင် သိချင်တာလေးတွေရှိမှပဲ ရောက်ဖြစ်တော့တယ်ဆိုတော့…။ ဒီနေ့ ရုံးပိတ်ရက်မို့ အိမ်မှာဟင်းကောင်းကောင်းချက်ထားတာနဲ့ မင်းမေးချင်သိချင်တာတွေ တစ်ဝကြီးမေးပြီး နေ့လယ်စာထမင်းပါ ကြီးကြီးမြတို့နဲ့အတူစားပြီးမှပြန်၊ ဟုတ်ပြီလား။

စိုးမြကျော် – ဟာ… သိပ်ကောင်းတဲ့အစီအစဉ်ပါပဲကြီးကြီးရယ်။ ဒါမှ ကျွန်တော်တို့လဲ အချိန်ယူပြီး အေးအေးဆေးဆေး စကားဝိုင်းဖွဲ့လို့ ရတာပေါ့။

ဘကြီးစိုး – အေးပါကွာ…ဘကြီးတို့လဲ မောင်ကျော်လာတာ ကိုယ့်သားတစ်ယောက် အလည်လာသလိုပါပဲ။ ဒါနဲ့ ဘာတွေများ မေးချင်သိချင်ရပြန်တာလဲ မောင်ကျော်ရဲ့။

စိုးမြကျော် – ဒီလိုဘကြီးရဲ့… ဘကြီးမနက်က VOA က လွှင့်သွားတာ မကြားလိုက်မိဘူးလား။ ကရင်ဒုက္ခသည်စခန်းတွေကိစ္စ၊ တပ်မတော်ရဲ့ ထိုးစစ်တွေကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးကြရပါတယ်ဆိုတဲ့ ကိစ္စလေ။

ကြီးကြီးမြ – ကြားပါ့မောင်ရာ…ကြားမိလို့ မင်းဘကြီးနဲ့တောင် အဲဒီကိစ္စပြောဖြစ်ကြသေးတယ်။ ဟုတ်တယ်နော် ကိုစိုး။

စိုးမြကျော် – ကျွန်တော်ဖြင့် ဒီလိုသူခိုးက လူဟစ်နေတဲ့ကိစ္စကို ခံပြင်းလွန်းလို့ပါ ဘကြီးရာ။

ဘကြီးစိုး – **ခံပြင်းမယ်ဆိုလဲ ခံပြင်းစရာပေါ့ကွာ။ တကယ်ဆိုတော့ ဒီဒုက္ခသည်စခန်းတွေဆိုတာ ဒီနေ့ ပြည်ပနယ်စပ်မှာ ခိုကပ်နေရတဲ့ KNU ရဲ့ အခြေစိုက်စခန်းတွေပဲ။ ဒုက္ခသည်အမည်ခံပြီး ရောက်နေတဲ့သူတွေဟာလဲ အများအားဖြင့် KNU အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ သူတို့ရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုးအမာခံတွေပဲဖြစ်တယ်ဆိုတာ တိုင်းသိပြည်သိ မဟုတ်လား။ ဒီ KNU တွေရဲ့ ဒုက္ခသည်စခန်းဆိုတာ ပြည်တွင်းပြည်ပ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ကျိုက်တည်း တစ်ဉာဏ်တ[...] ထိုးလုပ်နေကြတဲ့ ကိစ္စကွ။**

ကြီးကြီးမြ – ဒါတင် ဘယ်ကပ့်မလဲ။ **ဒီနေ[...] ဆရာကြီးတွေ ကြိုးဆွဲရာ ကရ[...] ရုပ်သေးရုပ်ဖြစ်နေပြီ မောင်[...] တစ်ဆုပ်စာအင်အားလေးနဲ့ က[...] အဝင် ပြည်သူလူထုအပေါ် [...] တိုက်ခိုက် ဖျက်ဆီးမှု၊ အစုလို[...] အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှု[...] အဓမ္မ လူသစ်စုဆောင်းမှု ကုန်[...] အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထ[...] နေတဲ့ သောင်းကျန်းသူတွေသ[...] ဒီသတင်းတွေ အားရပါးရ လွှ[...] စနက်ပဲပေါ့။ တကယ့် အ[...] စခန်း ဗန်းပြပြီး နိုင်ငံရေးအ[...] တပ်မတော်ရဲ့ ဘာထိုးစစ်မှ [...] ဒေသခံတိုင်းရင်းသားတွေကို [...] ခိုင်းနေတဲ့ လက်သည်က KN[...] ကြီးကြီးတို့အားလုံး သိနှင့်ပြီး[...]**

စိုးမြကျော် – ကျွန်တော်လဲ သိသင့်သလောက်[...] ဒါပေမယ့် သမိုင်းစဉ်တစ်လျှေ[...] ဘာတစ်ခုမှ မလုပ်ခဲ့တဲ့ KN[...] မြစ်မြစ် ဂဃနဏ သိရအောင် ရှ[...]

ကြီးကြီးမြ – ဟုတ်တယ် ကိုစိုး၊ မောင်ကျော်[...] မြုပ်ကွက်ကလေးတွေ ရှိရင် [...]

ဘကြီးစိုး – **တကယ်တော့ KNU ဆိုတာ [...] သွေးခွဲအုပ်ချုပ်ရေးစနစ်နဲ့ ကရ[...] ခြားခြား အခွင့်အရေးပေးခဲ့တဲ့[...] ကျဉ်းမြောင်းတဲ့ လူမျိုးရေး[...] ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်[...] သောင်းကျန်းမှု ပြဿနာပါပဲ။ [...] သစ္စာရှိတဲ့ ကရင်လူမျိုးတွေကို သ[...] လူမျိုးတစ်မျိုးဖြစ်လာအောင် [...] ခဲ့ကြတယ်။ ကရင်တွေကို လ[...] သေနတ်ကိုင်တပ်တွေ၊ စစ်ရဲ[...] ပေးခဲ့ကြတယ်လေ။**

ကြီးကြီးမြ – ဟုတ်တယ် ကိုစိုး၊ မြဖတ်ဖူးတာ[...] တွေဟာ ကရင်တွေကို သိပ်[...]

ဘကြီးစိုး – ဟုတ်တယ်လေ၊ ဒါကြောင့်လဲ [...] ပါဝင်တဲ့ ကရင်ခေါင်းဆောင်[...] လိုလားသူ၊ အင်္ဂလိပ်အလိုတော်[...] တာပေါ့။ စောဘဦးကြီးဆိုရင် က[...] ဗြိတိသျှအင်ပါယာထဲမှာပဲ တ[...] ဆိုခဲ့တဲ့သူပေါ့။

စိုးမြကျော် – ကျွန်တော်ကြားဖူးနေတဲ့ စေ[...] သဘောထားရှိတဲ့သူလား။ [...] ဘကြီးရေ။

ဘကြီးစိုး – အမှန်ပဲ မောင်ကျော်ရေ။ ၁၉[...] ထဲမှာ ရန်ကုန်မြို့မှာပဲ က[...] ကျင်းပပြီး ကရင်ပြည်နယ်ရရှိ[...] ဗဟိုအဖွဲ့ချုပ် Karen Central [...] ဖွဲ့စည်းခဲ့တယ်။ ခေါင်းဆောင်[...] အပါအဝင် ကရင်တပ်က စစ်ဗို[...] ဘာသာရေးခေါင်းဆောင်တွေပဲ[...] လောက်အထိ မိုက်လုံးကြီးခဲ့သ[...] ရေးကိုယ်စားလှယ်အဖွဲ့ ရွေးပြီး [...] အထိသွား၊ ကရင်နယ်သီးခြ[...] အင်ပါယာအတွင်းမှာထားပေးဖို[...] ခဲ့ကြဖူးတယ်။ ဒါပေမယ့် အဲဒီတ[...] အက်တလီက ရေရာတဲ့အဖြေ [...]

ကြီးကြီးမြ – ဘယ်ပေးပါ့မလဲ ကိုစိုးရဲ့။ သူတို့[...] ကရင်ဆိုတာ တကယ်တော့ သူ[...] ခိုင်းကောင်းရုံပေါင်းခဲ့တာ မ[...] ပြဿနာဖော်နိုင်ရေးအတွက် [...] မဟုတ်လား။

ဘကြီးစိုး – အင်း… ဒီလိုပဲဆိုရတော့မှာပေါ့[...] **KCO ဟာ အောင်ဆန်း-အက[...] လက်မခံဘဲ ပယ်ချခဲ့တဲ့အပြင် [...] တွေနဲ့ပူးပေါင်းပြီး Karen Na[...] ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့ကြတ[...] အကြားမှာ KNU ရဲ့ စစ်လ[...]**

ဒုက္ခသည်စခန်းနှင့် KNU ဆိုသည်မှာ ခွဲခြား၍ရကောင်းသော အရာမဟုတ်

ဒုက္ခသည်စခန်းနှင့် KNU ဆိုသည်မှာ ခွဲခြား၍ရကောင်းသော အရာမဟုတ်ကြောင်း ကျွန်တော်တို့အားလုံးက သိထားကြပြီး ဖြစ်သည်။ KNU သည် ဒုက္ခသည်စခန်း ဗန်းပြပြီး ဒေသခံ ကိုယ့်အမျိုးသား တိုင်းရင်းသားများကို ဒုက္ခသည်စခန်းဆိုသော နေရာများသို့ အတင်းအဓမ္မ မောင်းသွင်းရွှေ့ပြောင်းခိုင်းနေသူ များသာဖြစ်သည်။ လူပြောများနေသည့် Internal Displaced Person (IDP) ပြဿနာ၊ Refugee ပြဿနာတို့၏ ပင်မ ဇာစ်မြစ်တရားခံစစ်စစ်များသာဖြစ်၏။

အသံလွှင့်ဌာနတွေက လွှင့်နေသမျှကို ကျွန်တော်နားမထောင်ဖြစ်သည်မှာ ကြာခဲ့ပြီ။ BBC၊ VOA၊ RFA၊ DVB စသည်စသည် ကျွန်တော် မဖွင့်ဖြစ်၊ နားမထောင်ဖြစ်တော့။ မရှိကို အရှိလုပ်၊ မဟုတ်ကို အဟုတ်ညာ၊ အမှန်ကို အမှားလွှင့်ပြီး ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အမျိုးမျိုး စွပ်စွဲပုတ်ခတ်နေသော သင်းတို့အသံသည် ငှက်ဆိုးထိုးသံထက် နားခါးဖွယ်ကောင်း၏၊ ခံပြင်းစရာ ကောင်း၏၊ အမျိုးသားအကျိုးစီးပွားအတွက် နာကြည်းဖွယ်ကောင်း၏။

ယခင့်ယခင်က ဟုတ်နိုးနိုး မှန်နိုးနိုးဖြင့် နားယောင်မိခဲ့ကြသေးသော်လဲ ကြာကြာဝါးတော့ ခါးမှန်းသိလာကြ၏။ ကျွန်တော်တို့ မြန်မာပြည်သူများ၏ အကျိုးစီးပွား တစ်ပြားသားမျှမပါဘဲ ပြည်ပနိုင်ငံများက သူတို့အကျိုးစီးပွားသက်သက်အတွက် အသံလွှင့်နေမှန်း သိနားလည်လာကြ၏။ ပြည်တွင်းပုဆိန်ရိုးများနှင့်ပေါင်း၍ မီဒီယာထိုးစစ်လုပ်နေသည်ကို ကွဲကွဲပြားပြား ခွဲခြားမြင်တတ်လာကြ၏။ ထိုသည့်အချိန်မှစ၍ သူတို့နှင့် ကျွန်တော် ဇာတ်လမ်းဖြတ်ခဲ့သည်။ ကျွန်တော့်လိုပင် သူတို့အသံလွှင့်ဌာနများ၏သဘောကို နောကျေပြီး သေခန်းရှင်ခန်း ဖြတ်ခဲ့ကြသူတွေလဲ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေး။ ခွေးဟောင်တိုင်း ထ ထ ကြည့်ပါက ကိုယ်သာအိပ်ရေးပျက်မည်ကို ကျွန်တော်တို့ ပြည်သူအားလုံး သိခဲ့ကြပြီဖြစ်သည်။ ခွေးဘယ်လောက်ဟောင်ဟောင် တောင်ကြီးကရွှေ့သွားစရာအကြောင်းမရှိဘူး မဟုတ်ပါလား။

တကယ်တည်ငြိမ်အေးချမ်းစေချင်ပါသလား (၁)

စိုးမြကျော်

တစ်ကျိုက်တည်း တစ်ဥဏ်တည်း ပူးပေါင်းပြီး လက်သိပ်ထိုးလုပ်နေကြတဲ့ ကိစ္စကွ။

ကြီးကြီးမြ – ဒါတင် ဘယ်ကပါ့မလဲ။ **ဒီနေ့ KNU ဆိုတာ ပြည်ပဆရာကြီးတွေ ကြိုးဆွဲရာ ကရတဲ့ ဒေါ်လာစား ကြေးစား ရုပ်သေးရုပ်ဖြစ်နေပြီ မောင်ကျော်ရဲ့။ လက်ကျန် လက်တစ်ဆုပ်စာအင်အားလေးနဲ့ ကရင်တိုင်းရင်းသားတွေ အပါအဝင် ပြည်သူလူထုအပေါ် အကြမ်းဖက် ဖောက်ခွဲ တိုက်ခိုက် ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မ လူသစ်စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထားသလို တရစပ်ကျူးလွန်နေတဲ့ သောင်းကျန်းသူတွေသာ ဖြစ်တယ်လေ။ အခုလို ဒီသတင်းတွေ အားရပါးရ လွှင့်သွားကြတာကလဲ သူတို့စနက်ပဲပေါ့။ တကယ့် အမှန်တရားက ဒုက္ခသည်စခန်း ဗန်းပြပြီး နိုင်ငံရေးအမြတ် ထုတ်နိုင်ဖို့အတွက် တပ်မတော်ရဲ့ ဘာထိုးစစ်မှ ကြီးကြီးကျယ်ကျယ်မရှိဘဲ ဒေသခံတိုင်းရင်းသားတွေကို အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းနေတဲ့ လက်သည်က KNU မှ KNU ပဲ ဆိုတာ ကြီးကြီးတို့အားလုံး သိနှင့်ပြီးသားပါ မောင်ကျော်ရာ။**

စိုးမြကျော် – ကျွန်တော်လဲ သိသင့်သလောက်တော့ သိပါတယ် ကြီးကြီး။ ဒါပေမယ့် သမိုင်းစဉ်တစ်လျှောက် ကောင်းတာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့တဲ့ KNU အကြောင်း ခြေခြေမြစ်မြစ် ဂဃနဏ သိရအောင် ရှင်းပြပေးပါဦး ဘကြီးရယ်။

ကြီးကြီးမြ – ဟုတ်တယ် ကိုစိုး၊ မောင်ကျော်နဲ့အတူ မြလဲ မသိသေးတဲ့ မြုပ်ကွက်ကလေးတွေ ရှိရင် သိရ မှတ်ရတာပေါ့။

ဘကြီးစိုး – **တကယ်တော့ KNU ဆိုတာ နယ်ချဲ့ဗြိတိသျှအစိုးရရဲ့ သွေးခွဲအုပ်ချုပ်ရေးစနစ်နဲ့ ကရင်လူမျိုးတွေအပေါ် ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တဲ့စနစ်တွေကို အခြေခံပြီး ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်နဲ့ စစ်ဘုရင်ဝါဒ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းဆူပူ သောင်းကျန်းမှု ပြဿနာပါပဲ။ နယ်ချဲ့တွေဟာ ရိုးသားပြီး သစ္စာရှိတဲ့ ကရင်လူမျိုးတွေကို သူတို့ကို လိုလားထောက်ခံတဲ့ လူမျိုးတစ်မျိုးဖြစ်လာအောင် အစွမ်းကုန်စည်းရုံး ပုံသွင်းခဲ့ကြတယ်။ ကရင်တွေကို လက်နက်တပ်ဆင်ပြီး ကရင်သေနတ်ကိုင်တပ်တွေ၊ စစ်ရဲတပ်တွေ တိုးချဲ့ဖွဲ့စည်း ပေးခဲ့ကြတယ်လေ။**

ကြီးကြီးမြ – ဟုတ်တယ် ကိုစိုး၊ မြဖတ်ဖူးတာတော့ အဲဒီတုန်းက ဗြိတိသျှတွေဟာ ကရင်တွေကို သိပ်မြှောက်ပေးထားတာဆိုပဲ။

ဘကြီးစိုး – ဟုတ်တယ်လေ၊ ဒါကြောင့်လဲ ဖက်ဆစ်တော်လှန်ရေးမှာ ပါဝင်တဲ့ ကရင်ခေါင်းဆောင်တွေထဲမှာတောင် အင်္ဂလိပ်လိုလားသူ၊ အင်္ဂလိပ်အလိုတော်ရိတွေအများကြီးလို့ ဆိုကြတာပေါ့။ စောဘဦးကြီးဆိုရင် ကရင်နယ် သီးခြားဖွဲ့စည်းပြီး ဗြိတိသျှအင်ပါယာထဲမှာပဲ တစ်သက်လုံး နေပါရစေလို့ ဆိုခဲ့တဲ့သူပေါ့။

စိုးမြကျော် – ကျွန်တော်ကြားဖူးနေတဲ့ စောဘဦးကြီးဆိုတာ ဒီလို သဘောထားရှိတဲ့သူလား။ အခုမှပဲ သိတော့တယ် ဘကြီးရေ။

ဘကြီးစိုး – အမှန်ပဲ မောင်ကျော်ရေ။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ရန်ကုန်မြို့မှာပဲ ကရင်အမျိုးသားညီလာခံကို ကျင်းပပြီး ကရင်ပြည်နယ်ရရှိရေး ရည်မှန်းချက်နဲ့ ကရင်ဗဟိုအဖွဲ့ချုပ် Karen Central Organization-KCO ကို ဖွဲ့စည်းခဲ့တယ်။ ခေါင်းဆောင်တွေကတော့ စောဘဦးကြီး အပါအဝင် ကရင်တပ်က စစ်ဗိုလ်တွေနဲ့ ကရင်ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တွေပဲပေါ့။ KCO ဟာ ဘယ်လောက်အထိ မိုက်လုံးကြီးခဲ့သလဲဆိုရင် ကရင်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရွေးပြီး ၁၉၄၆ အတွင်းမှာ လန်ဒန်အထိသွား၊ ကရင်နယ်သီးခြားဖွဲ့စည်းပြီး ဗြိတိသျှအင်ပါယာအတွင်းမှာထားပေးဖို့ အတိအလင်း တောင်းဆိုခဲ့ကြဖူးတယ်။ ဒါပေမယ့် အဲဒီတုန်းက ဗြိတိသျှနန်းရင်းဝန် အက်တလီက ရေရာတဲ့အဖြေ မပေးခဲ့ဘူးတဲ့။

ကြီးကြီးမြ – ဘယ်ပေးပါ့မလဲ ကိုစိုးရဲ့။ သူတို့အကျိုးစီးပွားမှ မဟုတ်တာ။ ကရင်ဆိုတာ တကယ်တော့ သူတို့အတွက် သူစိမ်းပဲလေ။ ခိုင်းကောင်းရုံပေါင်းခဲ့တာ မဟုတ်လား။ ပြည်တွင်းမှာ ပြဿနာဖော်နိုင်ရေးအတွက် ခုတုံးလုပ်ဖို့ ပေါင်းခဲ့တာ မဟုတ်လား။

ဘကြီးစိုး – အင်း... ဒီလိုပဲဆိုရတော့မှာပေါ့။ **တိုတိုပြောရရင် ၁၉၄၇မှာ KCO ဟာ အောင်ဆန်း–အက်တလီ စာချုပ်ကို လုံးဝ လက်မခံဘဲ ပယ်ချခဲ့တဲ့အပြင် နောက်တိုး ကရင်အဖွဲ့ငယ်တွေနဲ့ပူးပေါင်းပြီး Karen National Union (KNU) ကို ဖေဖော်ဝါရီ(?)ရက်နေ့မှာ ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီနောက် ဆယ်ရက်အကြာမှာ KNUရဲ့ စစ်လက်နက်ကိုင်တပ်ဖွဲ့အဖြစ် KNDOကို ဆက်ပြီးဖွဲ့ခဲ့တယ်။ KNUဟာ ၁၉၄၇ခုနှစ် ဧပြီလ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပြီးနောက် ဧပြီ ၂၃ရက်နေ့မှာ KNU အရေးပေါ်ညီလာခံ ကျင်းပပြီး စောဘဦးကြီး KNU ဥက္ကဋ္ဌ ဖြစ်လာတယ်လေ။ အဲဒီအချိန်တစ်ဝိုက်ကစပြီး KNU ရဲ့ ဆူပူသောင်းကျန်းမှု အဖျက်အမှောင့်လုပ်ရပ်တွေ စခဲ့တယ်လို့ ဆိုရမှာပါပဲ။**

စိုးမြကျော် – ဩော်–စကတည်းက ယဉ်သကို ဆိုသလို ဟိုကန့်ကွက်၊ ဒီသပိတ်မှောက်နဲ့ လူမျိုးရေးရှေ့တန်းတင်ပြီး စခဲ့ကြတဲ့ အဖွဲ့ပါလားနော်။

ဘကြီးစိုး – **ဟုတ်တယ် မောင်ကျော်ရေ၊ တကယ်တော့ KNU ဆူပူသောင်းကျန်းမှုရဲ့ အဓိကလက်သည် တရားခံကတော့ နယ်ချဲ့အစိုးရပါပဲ။ နယ်ချဲ့ဟာ ကရင်ကို ဗမာဆန့်ကျင်ရေး နိုင်ငံရေးအမြင် ပျိုးထောင်ပေးရုံသာမက စစ်ရေးအရပါ အင်အားကြီးလာအောင် လုပ်ပေးခဲ့လေတော့ လွတ်လပ်ရေး မရခင်ကတည်းက ကရင်လက်နက်ကိုင်အင်အားစုဟာ အရမ်းအင်အားကြီးမားခဲ့တယ်။ ဒါ့အပြင် KNDO ပါ ထပ်တိုးလာတော့ KNUဟာ လူမျိုးရေးမာန်တက်လာပြီး အောက်မြန်မာနိုင်ငံ တစ်ဝန်းလုံးနီးပါးကို ကရင်ပြည်နယ် ပေးရမယ်လို့ တောင်းဆိုလာတော့တာပေါ့။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ တိုက်ရိုက်တစ်ဖုံ၊ သွယ်ဝိုက်တစ်နည်း သွေးထိုး မြှောက်ပင့်ပေးမှုတွေဟာ KNUသောင်းကျန်းမှုရဲ့ နံပါတ်တစ်တရားခံလို့ ဘကြီး ပြောရတာပေါ့။**

ကြီးကြီးမြ – အင်း... မြန်မာနိုင်ငံရဲ့မကောင်းတဲ့ဆိုးမွေ မှန်သမျှ သင်းတို့လက်ချက်ချည်းပါလား ကိုစိုးရယ်။

ဘကြီးစိုး – လူတွင်ပါလို့ နွားကျားကိုက်တာလဲ ပါပါတယ်ကွာ။ တကယ်တော့ KNU ရဲ့ ဇာစ်မြစ်၊ ဗီဇနဲ့ ဝါဒရေးလမ်းစဉ်က စကတည်းက မကောင်းခဲ့တာလဲ ပါပါတယ်။ ပြောဦးမယ်... မြန်မာနိုင်ငံလွတ်လပ်ရေးရတော့ တစ်တိုင်းတစ်ပြည်လုံး ပျော်မဆုံးမော်မဆုံးဖြစ်နေတဲ့အချိန်မှာ KNU က တစ်စခန်းထပြီး နောက်နေ့ ဇန်နဝါရီ၅ရက်နေ့မှာပဲ ကရင်များဟာ လွတ်လပ်သောလူမျိုးတစ်မျိုးဖြစ်ကြောင်း ကြေညာပြီး ခွဲထွက်ဖို့ ခြိမ်းခြောက်ခဲ့တယ်။ ၁၉၄၇ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့အညီ ကရင်ပြည်နယ်ကို ကရင်ပြည်နယ်အစိုးရ၊ ကရင်ပြည်နယ်ကောင်စီတို့နဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့် ပေးထားပြီးဖြစ်ပေမယ့် သီးခြားကရင်ပြည်နယ် ဖွဲ့စည်းပေးဖို့ တောင်းဆိုကြပြန်တယ်။ မဖြစ်နိုင်တဲ့ တောင်းဆိုမှုတွေနောက်မှာတော့ KNU ဟာ အစိတ်လိုက် အပိုင်းလိုက် ခွဲခွဲပြီး တောခိုသောင်းကျန်းကြတော့တာပါပဲကွာ။

စိုးမြကျော် – ဒါဆို KNU က ၁၉၄၈မှာ စပြီး တောခိုခဲ့တာပေါ့နော် ဘကြီး။

ဘကြီးစိုး – တရားဝင် အတိအလင်းပုန်ကန်တာကတော့ ၁၉၄၉နှစ်စ ကျမှကွ။ ဒါပေမယ့် ၁၉၄၈ခုနှစ်ကတည်းက ကရင်စစ်ရဲတပ်တွေနဲ့ KNDO တွေက ပုန်ကန်ထကြွနေကြပါပြီ။ ဒါကို တပ်မတော်ထဲက ကရင်တပ်ရင်းတွေကလဲ သိသိ သာသာကို အကူအညီပေးခဲ့ကြတယ်လေ။ အဲ... ၁၉၄၉ ခုနှစ်လဲ ဆန်းရော KNU က အတိအလင်းပုန်ကန်ပြီး ထန်းတပင်၊ တောင်ငူ၊ ဖြူး၊ အုတ်တွင်း နောက်မှတ်မိသလောက် အင်းစိန်၊ ဒိုက်ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မေမြို့ အထိ ဆက်သိမ်းတာပါပဲ။ အဲဒီလို KNU က အကြီးအကျယ် ဆူပူထကြွနေတဲ့အချိန်မှာ ဖဆပလ အစိုးရရဲ့ အုပ်ချုပ်မှု အာဏာစက်ဟာ အကန့်အသတ်တွေ ဖြစ်လာပြီး ပြည်ပ သတင်းစာတွေက ရန်ကုန်အစိုးရလို့ လှောင်ခေါ်ရလောက်တဲ့အထိ ဖြစ်ခဲ့ရတယ်လေ။

စိုးမြကျော် – ဩော်– နိုင်ငံအတွက် တော်တော် အန္တရာယ်ကြီးခဲ့တာပဲနော်။

ဘကြီးစိုး – **ဒါပေမယ့် ခဏပါကွယ်။ KNU တွေဟာ ၁၉၄၈–၄၉ မှာသာ မြို့ကြီးတွေသိမ်းပြီး စစ်ရေးအသာစီးရခဲ့ပေမယ့် ၁၉၄၉ ခုနှစ်ကုန်ပိုင်းကစပြီး တပ်မတော်ရဲ့ ထိုးစစ်တွေကြောင့် အရေးနိမ့်ပြီး တစ်ဆုတ်တည်း ဆုတ်ပေးခဲ့ကြရတာပါပဲ။ စောဘဦးကြီးလဲ ၁၉၅၀ ဩဂုတ်လထဲ သံတောင်ကနေ ကော့ကရိတ်ဘက်ကိုအပြေး ထော့ကိုကိုးမှာ ကျသွားခဲ့ရတယ်။ အဲဒီမှာ တစ်ချက်သတိပြုဖို့ကောင်းတာက ဂျူနိုဦးစောကို သေနတ်တွေထုတ်ပေးခဲ့တဲ့ ဗြိတိသျှကပ္ပတိန်ဗီဗီယန်းကို စောဘဦးကြီးနဲ့အတူ အသေဖမ်းဆီး**

စာမျက်နှာ ၁၀ ကော်လံ ၁သို့

ဒီဒုက္ခသည်စခန်းတွေဆိုတာ ဒီနေ့ ပြည်ပနယ်စပ်မှာ ခိုကပ်နေရတဲ့ KNU ရဲ့ အခြေစိုက်စခန်းတွေပဲ။ ဒုက္ခသည်အမည်ခံပြီး ရောက်နေတဲ့ သူတွေဟာလဲ အများအားဖြင့် KNU အကြမ်းဖက် သောင်းကျန်းသူတွေနဲ့ သူတို့ရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုး အမာခံတွေပဲ ဖြစ်တယ်ဆိုတာ တိုင်းသိပြည်သိမဟုတ်လား။

KNU ဆိုတာ နယ်ချဲ့ ဗြိတိသျှအစိုးရရဲ့ သွေးခွဲအုပ်ချုပ်ရေးစနစ်နဲ့ ကရင်လူမျိုးတွေအပေါ် ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တဲ့ စနစ်တွေကို အခြေခံပြီး ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်နဲ့ စစ်ဘုရင်ဝါဒ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းဆူပူသောင်းကျန်းမှု ပြဿနာပါပဲ။

ဒီနေ့KNU ဆိုတာ ပြည်ပဆရာကြီးတွေ ကြိုးဆွဲရာကရတဲ့ ဒေါ်လာစား ကြေးစား ရုပ်သေးရုပ်ဖြစ်နေပြီ မောင်ကျော်ရဲ့။ လက်ကျန် လက်တစ်ဆုပ်စာအင်အားလေးနဲ့ ကရင်တိုင်းရင်းသားတွေအပါအဝင် ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက် ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မ လူသစ်စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထားသလို တရစပ်ကျူးလွန်နေတဲ့ သောင်းကျန်းသူတွေသာ ဖြစ်တယ်လေ။

KNU ဟာ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားတွေကို ကိုယ်စား မပြုခဲ့ပါဘူး။ ကရင်တိုင်းရင်းသားတွေအပါအဝင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအပေါ် မြို့လုံးကျွတ်၊ ရွာလုံးကျွတ် မီးရှို့၊ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့်၊ မိုင်းခွဲ ဖျက်ဆီးမှုတွေ အပြောက်အများ ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့်လဲ KNU အပေါ် အော့နှလုံးနာစရာ သမိုင်းကြောင်းသာဓကတွေ ပြောမကုန်အောင် ရှိနေခဲ့တယ်လေ။

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ရမိခဲ့တယ်လေ။ နယ်ချဲ့တွေ ဘယ်လိုမှ ငြင်းလို့မရတဲ့ သမိုင်းသက်သေ တစ်ကွက်ပေါ့ကွယ်။ ခုနက စကားဆက်ရရင် စောဘဦးကြီး ကျပြီဆိုတာနဲ့ နဂိုကမှ အခြေခံမမှန်တဲ့ KNU ဟာ စိတ်ဓာတ် အကြီးအကျယ် ကျပြီး တော်လှန်ရေးလဲ ပြိုဆင်းသွားခဲ့ရတယ် ဆိုပါတော့။

စိုးမြကျော် – တကယ်တော့ နယ်ချဲ့ရဲ့ သွေးခွဲမြှောက်ပင့်ပေးမှုနဲ့ ကျဉ်းမြောင်းတဲ့ လူမျိုးရေးဝါဒကြောင့် KNU ဟာ အစကတည်းက ပွဲဦးမလှဖြစ်ခဲ့ရတာပဲ မဟုတ်လား ဘကြီး။

ဘကြီးစိုး – ဒါအမှန်ပဲပေါ့ကွာ။ သူတို့ရဲ့လမ်းစဉ်ကိုက လူမျိုးရေးမှန်းတီးမှုနဲ့ စစ်ရေးဝါဒသက်သက်ကို အခြေခံခဲ့တာကိုး။ ဒါ့အပြင် KNU တွေဟာ အနောက်နိုင်ငံတွေက စစ်ကူတွေရမလားလို့ အကြီးအကျယ် မျှော်ခဲ့ကြသေးတယ်။ နောက်ဆုံး ဘာမှဖြစ်မလာတဲ့အခါ လက်ဝဲယိမ်း ဒုတိယလမ်းစဉ်ကိုချမှတ်ပြီး ဗကပရဲ့ နောက်မြီးဆွဲ လက်အောက်ခံပါတီ ဖြစ်ခဲ့သေးသပေါ့။

ကြီးကြီးမြ – ဒါလဲ ဘယ်အောင်မြင်နိုင်ပါ့မလဲ မောင်ကျော်ရယ်။ ဗကပဆိုတာလဲ ကောင်းတာမှမဟုတ်တာ။

ဘကြီးစိုး – မင်းကြီးကြီးပြောတာ အမှန်ပဲဟော့။ ဗကပရဲ့ဝါဒရေးမှိုင်းနဲ့ KNUရဲ့ လူမျိုးရေးမှိုင်းက ဘယ်လိုမှ သဟဇာတ မဖြစ်လေတော့ KNU ခမျာ သခင်တစ်ယောက် တိုးလာတာကလွဲလို့ ဘာအကျိုးမှ မရှိတဲ့အပြင် အရင်းထဲကတောင် အပွန်းခံခဲ့ရသေးတယ်လေ။ ၁၉၆၀ တစ်ဝိုက်မှာ ဗကပက ပဲခူးရိုးမမှာ ခိုနေသလို KNU ကလဲ မြစ်ဝကျွန်းပေါ်မှာ ခိုပြီး ဒေသခံတွေကို အမျိုးမျိုးဒုက္ခပေးရင်း သက်ဆိုးရှည်ခဲ့ရတယ်ဆိုပါတော့။

ကြီးကြီးမြ – KNU တွေရဲ့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့တဲ့ လုပ်ရပ်တွေလဲ မောင်ကျော်တို့ နောင်လာနောက်သားတွေ သိရမှတ်ရအောင် ပြောပြလိုက်ပါဦးလေ။

ဘကြီးစိုး – အေး...ပြောပါ့မယ်ကွာ။ **တကယ်တော့ KNUဟာ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားတွေကို ကိုယ်စားမပြုခဲ့ပါဘူး။ ကရင်တိုင်းရင်းသားတွေအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအပေါ် မြို့လုံးကျွတ်၊ ရွာလုံးကျွတ် မီးရှို့၊ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့်၊ မိုင်းခွဲဖျက်ဆီးမှုတွေ အမြောက်အမြား ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့်လဲ KNU အပေါ် အော့နှလုံးနာစရာ သမိုင်းကြောင်း သာဓကတွေ ပြောမကုန်အောင် ရှိနေခဲ့တယ်လေ။**

သတင်းစာ မှတ်တမ်းတွေအရ ၁၉၄၈–၄၉ တစ်နှစ်တာ ကာလအတွင်းမှာ KNU ဟာ အကြမ်းဖက် သတ်ဖြတ်မှု ပေါင်း အကြိမ် ၁၁၀၊ ဓားပြတိုက် လုယက်မှု ၃၅ကြိမ်၊ ငွေတိုက် ဖောက်ထွင်းလုယက်မှု ၁၃ကြိမ် ပြုလုပ်ခဲ့တယ်။ ၄၉ခုနှစ်ထဲမှာပဲ မအူပင်မြို့နယ် မလက်တိုရွာကို ရွာလုံးကျွတ် မီးရှို့ပြီး ရွာသားအားလုံး သတ်ပစ်ခဲ့တဲ့ အပြင် အင်းစိန်၊ ပဲနွယ်ကုန်း၊ နတ်တလင်း စတဲ့မြို့တွေမှာလဲ မြို့လုံးကျွတ်မီးရှို့ခဲ့ကြတယ်။ ပြင်ဦးလွင် (ယခင်မေမြို့)ကို သိမ်းပိုက်ထားစဉ်မှာပဲ မြို့နေပြည်သူ ၁၉၄၆ဦးကို အကြောင်းမဲ့ သတ်ဖြတ်ပစ်ခဲ့ကြတယ်။ ဖြူးမြို့ကို သိမ်းပိုက်ထားတဲ့ ကာလမှာလဲ မြို့လယ်မှာရှိတဲ့ ဈေးနဲ့ တကွ နေအိမ်တွေကို မီးတင်ရှို့ပြီး ကလေးလူကြီး ကျားမ မရွေး ပစ်ခတ်သတ်ဖြတ်ခဲ့တာကြောင့် အိမ်ခြေ ၄၀၀လောက် မီးလောင်ပြာကျပြီး သေဆုံးသူ ၃၅၁လောင်းတွေ့ရှိခဲ့ရတယ်။ ဒါ့အပြင် ဖြူးမြို့သူမြို့သား ၂၀၀၀ကျော်ကို ဇေယျဝတီမြို့ဘက် ခေါ်သွားပြီး အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးကို ရက်ရက်စက်စက် လုပ်ခဲ့ကြတာတွေ ဟာလဲ ဘယ်လိုမှဖျောက်လို့မရတဲ့ သမိုင်းဝင် သွေးစွန်းမှုကြီးတွေပေါ့ကွာ။ ဒီမြို့လုံးကျွတ်၊ ရွာလုံးကျွတ် သတ်ဖြတ်မှုတွေကို ပြန်သုံးသပ်ကြည့်တော့ နာဇီတွေ ကျူးလွန်ခဲ့တဲ့ လူမျိုးတုံးသတ်ဖြတ်မှုကြီးနဲ့ နင်လားငါလား ထူးမခြားနား ဖြစ်နေတာကို ကြက်သီးထလောက်အောင် တွေ့ရလိမ့်မယ် မောင်ကျော်ရေ။

ကြီးကြီးမြ – ဟို ... ကျောင်းသူတွေကို ပြန်ပေးဆွဲပြီး တရုတ်ဖြူကို ရောင်းစားတဲ့ကိစ္စ ရှိသေးတယ်လေ။

ဘကြီးစိုး – ဆက်ပြောမှာပါကွာ။ ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ရက်နေ့မှာ KNU တွေဟာ စစ်တောင်း–မုတ္တမရထားကို စီးနင်းတိုက်ခိုက်ပြီး ကျောင်းပိတ်လို့ နေရပ်ကိုပြန်လာတဲ့ တက္ကသိုလ်ကျောင်းသူ ၄၀ကျော်နဲ့ အရပ်သူ မိန်းမပျို ၁၅ ဦးကို အဓမ္မဖမ်းဆီးသွားခဲ့ကြတယ်လေ။ အဲဒီမိန်းကလေးတွေနဲ့ မွန်ကျေးရွာတချို့က ဖမ်းလာတဲ့ မိန်းမပျိုလေးတွေကို KMT တရုတ်ဖြူ ဗိုလ်ချုပ်လောလီဆီကို ရောင်းစားပြီး လက်နက်ခဲယမ်းတွေနဲ့ လဲလှယ်ခဲ့ကြပါရောလား။ ဒါ့အပြင် ၁၉၅၅ခု ဇန်နဝါရီလ ၁၅ ရက်နေ့က မော်လမြိုင်–ရန်ကုန် လူစီးရထားကို နှင်းပုလဲဘူတာအလွန် မိုင် ၃၀ခန့်မှာ KNU က မိုင်းခွဲ တိုက်ခိုက်လို့ ခရီးသည် ၃၅ ဦး သေဆုံးခဲ့ရတယ်။ ရွှေငွေပစ္စည်းတွေကို လုယက်ယူငင်ပြီး မိန်းမပျို ၄၀လောက် ဖမ်းဆီး ခေါ်ဆောင် အစုလိုက် အပြုံလိုက် အဓမ္မပြုကျင့်ပြီး နောက်ဆုံးတော့ နယ်စပ်မှာ ရောင်းစားခဲ့ကြတယ်လို့ သိရတာပါပဲ။ အင်မတန်မှ ရက်စက်ယုတ်မာပြီး လူမဆန်တဲ့ လုပ်ရပ်တွေပါပဲ မောင်ကျော်ရယ်။

စိုးမြကျော် – ကြားရတာ စိတ်မသက်သာစရာပါပဲ ဘကြီးရယ်။

ဘကြီးစိုး – ဒါ့အပြင် ၁၉၆၇ ခုနှစ်မှာ KNU တွေဟာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က အိမ်ခြေ ၈၀၀ ကျော်ရှိတဲ့ ရွှေပြည်သာ ရွာကြီးကို မီးရှို့ဖျက်ဆီးခဲ့တယ်။ သာပေါင်းမြို့နယ်မှာရှိတဲ့ ကြက်သွန်ခင်းနဲ့ ကြို့ကုန်းကျေးရွာတွေကိုလဲ ပြာပုံအတိ ဖြစ်အောင် မီးရှို့ ဖျက်ဆီးခဲ့ကြတယ်။ ၁၉၈၅ ခုနှစ်မှာတော့ ကျွဲပွဲနဲ့ ညောင်ခြေထောက်ကြား မိုင်တိုင် ၁၂၇အနီးမှာ ရန်ကုန်–မန္တလေး အဆန်ရထားကို မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ရဟန်းရှင်လူ ပြည်သူ ၇၆ဦးသေဆုံးပြီး ၁၂၂ဦးဒဏ်ရာရရှိခဲ့ပြန်တယ်။ တကယ်တော့ KNU ရဲ့ လူမဆန်လောက်အောင် ရက်စက်ကြမ်းကြုတ်မှုတွေက အများကြီးပဲ မောင်ကျော်ရေ။ သူတို့ဟာ လူမျိုးရေးမုန်းတီးမှုကြောင့် လူပေါင်းများစွာကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြရာကနေ နောက်ပိုင်းမှာတော့ လူမျိုးရေးမုန်းတီးမှုကြောင့်လဲမဟုတ်၊ နိုင်ငံရေးကြောင့်လဲ မဟုတ်ဘဲ တမင်သက်သက် သွေးဆာနေတဲ့ အပြုအမူတွေနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်လာခဲ့ကြတယ်လေ။ KNU စစ်ခေါင်းဆောင်ကြီးငယ်တွေဟာလဲ သူတို့ ကြီးစိုးရာနယ်မြေတွေမှာ နောက်လိုက် နောက်ပါတွေ ခြံရံပြီး စစ်ဘုရင်များအဖြစ် ထင်သလို ခြယ်လှယ်ရမ်းကားခဲ့ကြတယ်။ War, Women and Wine ဆိုတဲ့ စစ်၊ မိန်းမနဲ့ အရက်ကိုသာ ဦးစားပေးတဲ့ ရာဇဝင်လူဆိုးတွေ ဖြစ်လာခဲ့တော့တာပေါ့။

စိုးမြကျော် – **ဒါဆို ဒီနေ့ အနောက်ဆရာကြီးတွေ၊ လက်ပါးစေတွေ၊ လက်ဝေခံ သတင်းဌာနတွေနဲ့ ပြည်ပြေးတွေက တပ်မတော်အပေါ် အခြေအမြစ်မရှိ လုပ်ကြံစွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှုတို့၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတို့ ဆိုတာတွေဟာ တကယ်တော့ KNUက လက်စွဲပြုကျင့်သုံးနေတဲ့ နည်းလမ်းတွေပဲပေါ့နော် ဘကြီး။ ဒီလို သတ်ဖြတ်မှုတွေကို တကယ့်လက်တွေ့မှာ လက်ရဲဇက်ရဲ လုပ်နေကြတာကလဲ KNU ပဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီ မဟုတ်လား။**

ကြီးကြီးမြ – တကယ်တော့ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတဲ့ KNU ရဲ့ လက်ရဲ ဇက်ရဲလုပ်ရပ်တွေအကြောင်း ဇာတ်စုံခင်းရရင် မောင်ကျော်တို့ ကြီးကြီးတို့ လယ်ထဲမှာ ရောက်နေတဲ့ ဆင်တွေအများကြီး တွေ့ရလိမ့်ဦးမယ်။ လောလောဆယ်တော့ ကိုစိုးလဲ ခဏနားပါဦး၊ ကိုစိုးနဲ့ မောင်ကျော်အတွက် ကြီးကြီး ကော်ဖီမစ်ဖျော်ပေးမလို့ ကော်ဖီမစ်လေး တစ်ခွက်စီလောက်သောက်ပြီး နားကြပါဦးလေ။ ပြီးမှ ဆက်ကြတာပေါ့။

ဘကြီးစိုး – ကောင်းပါရဲ့ကွာ။ ကဲ...မောင်ကျော်ရေ၊ မင်းကြီးကြီး ဖျော်တိုက်တဲ့ ကော်ဖီမစ်လေးသောက်ရင်း ခဏနားကြဦးစို့ရဲ့။

စိုးမြကျော် – ဟုတ်ကဲ့ ဘကြီး။ ။

ဒီနေ့ အနောက်ဆရာကြီးတွေ၊ လက်ပါးစေတွေ၊ လက်ဝေခံ သတင်းဌာနတွေနဲ့ ပြည်ပြေးတွေက တပ်မတော်အပေါ် အခြေအမြစ်မရှိ လုပ်ကြံစွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှုတို့၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတို့ ဆိုတာတွေဟာ တကယ်တော့ KNU က လက်စွဲပြု ကျင့်သုံးနေတဲ့ နည်းလမ်းတွေပဲပေါ့နော် ဘကြီး။ ဒီလို သတ်ဖြတ်မှုတွေကို တကယ့်လက်တွေ့မှာ လက်ရဲဇက်ရဲ လုပ်နေကြတာကလဲ KNU ပဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီ မဟုတ်လား။

လမြတ်ဝါဆို တောင်းဆုဆို

✻ ပုရိမဝါ၊ ဒီချိန်ခါဝယ်
ရာသီကရကင့်၊ ပုန်းညက်မြတ်နှင့်
ဆက်ကပ်မသွေ၊ သဒ္ဓါဝေလျက်
“သန္တေတောထွက်၊ ဓမ္မစက်”ဟု
ရက်မြတ်ခေါ်တွင်၊ ဝါအဝင်ဝယ်
မြန်ခွင်ပြည်ဌ် “အေး”စေသော်။

✻ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
အမှောင်ဖယ်ခွင်း၊ ဝါဆိုတွင်းဝယ်
သီတင်းသီလ၊ ဆောက်တည်ကြကာ
တောင့်တရည်သန်၊ ပြည်နိဗ္ဗာန်သို့
ဆုပန်ကောင်းမှု၊ ဒါနပြုသည်
တောင်းဆုပြည်နှံ့ “ချမ်း”စေသော်။

✻ ဝါဆိုခါပွဲ၊ ဝတ်မှုန်ကြဲသည့်
လှူပွဲပန်းမုံ၊ ဆင်းရောင်စုံတို့
သုန်သုန်လေညင်း၊ ရနံ့သင်းသည်
မြန်တွင်းပြည်နှံ့ “ဖြိုး”စေသော်။

✻ ဝါဆိုလမှန်၊ ကြုံရပြန်ဝယ်
နိုင်ငံတစ်ဝှမ်း၊ ငြိမ်းအေးချမ်း၍
တင့်ဆန်းဖွံ့ဖြိုး၊ ခေတ်မီတိုးသည်
ရိုးသားကြိုးစား၊ ဒို့လုပ်အားဖြင့်
စွမ်းအားညီညီ၊ အောင်ပွဲချီကာ
နေခြည်ပွင့်လန်း၊ မွေးသောပန်းသို့
“အေး၊ချမ်း၊ဖြိုး”မှုရှိစေသော်။ ။

နှင်းမောင်(ဇီးကုန်း)

The Live News ဂျာနယ် အမှတ်(၄၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ် (၄၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ရောဂါမျိုးစုံကာကွယ်နိုင်သည့် Biodisc မြန်မာပြည်တွင်ရပြီ၊ Handphone များ အင်္ကျီအိတ်ကပ်နှင့် ခါးတွင်ချိတ်၍ အသုံးမပြုသင့်၊ City Fella အစီအစဉ်သစ်ကို ဒွေးတင်ဆက်မှုဖြင့် စတင် ထုတ်လွှင့်တော့မည်၊ ကျွန်တော့်ဘဝ ဇာတ်လမ်းနှင့် ပုဏ္ဏားနှစ်ဦး၊ ဘိုကလေးဈေးလမ်း အမည်ရနေပြီဖြစ်တဲ့ ဘရွတ်ကင်းလမ်း၊ ရှုရှားပညာရှင်နှင့် ရတနာပုံစာကြည့်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ အကျပ်အတည်းများကြားမှ သမ္မတမူရှာရက်ဖ်၊ သမ္မတဘုရှ်၌ အူမကြီးကင်ဆင်ဖြစ်နိုင်သည့် အကျိတ်ငယ်များတွေ့ရှိ၊ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံစံချိန်သစ် ဒူဘိုင်းကလွှဲပြောင်းရယူလိုက်ပြီ၊ ရုရှားနှင့် ဗြိတိန် အပြန်အလှန်သံတမန်များနှင့်ထုတ်၊ မြေငလျင်ကြောထိပ်တည့်တည့်တွင် အဏုမြူဓာတ်ပေါင်းဖိုဆောက်မိသည့် ဂျပန်နိုင်ငံ၏ပွဲတွေ့အမှား၊ တက္ကစီမင်းနှင့် လူ့သဘော၊ ဇူလိုင် ၂၈ရက်မှ ဩဂုတ်၃ရက်အတွင်း မွေးဖွားသော ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သက္က(ခေတ္တရာ)၊ မောင်နေလင်း၊ ရဲဇော် (ဇီးကုန်း)နှင့် အနယ်နယ်အရပ်ရပ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော် မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် ဇူလိုင် ၂၆

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ် ၁၈ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၃၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်နှင့် လက်နက်များကို စွန့်လွှတ်ခဲ့တဲ့ ဦးချစ်မောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များအား နွေးထွေးစွာကြို

စစ်မှန်သော ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှုများ ပြည့်ပြည့်ဝဝရရှိ စည်းလုံးညီညွတ်မှုများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်လာတော့မည်

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို နားလည် ယုံကြည်လာသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ကျင်းပရာ ဒေသခံပြည်သူများကိုယ်စား ဒေသခံရှမ်းတိုင်းရင်းသူ မအေးမို့မို့လှိုင်၏ ပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်မကတော့ ဒေသခံ တိုင်းရင်းသူတစ်ဦးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယခုလို ရလလဖ ဥက္ကဋ္ဌ ဦးချစ်မောင်မှ ငြိမ်းချမ်းရေးအတွက် ခြွင်းချက်မရှိ လက်နက် စွန့်လွှတ်အပ်နှံတဲ့ အခမ်းအနားမှာ ဒေသခံတိုင်းရင်းသူတစ်ဦးရဲ့ ဘဝ တစ်လျှောက် ကြုံတွေ့ခံစားခဲ့ရတဲ့ ရင်ထဲကစကားများကို ရင်ဖွင့်ပြောကြားခွင့်ရရှိခဲ့တဲ့အတွက် ဝမ်းသာကြည်နူး ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ ရင်ထဲမှာ ကြိတ်မှိတ်ခံစားရပြီး တိုးတိုးတိတ်တိတ်တောင် မပြောရဲခဲ့တဲ့ခံစားချက်တွေကို ငြိမ်းချမ်းမှုရဲ့အကျိုးဆက်ကြောင့် အခုလို အများပြည်သူတွေရဲ့ ရှေ့မှောက်မှာ အားပါးတရ ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာမဆုံးဖြစ်ရပါတယ်။

စိတ်ကူးတောင်မယဉ်ရဲခဲ့

ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်စနစ် အမွေဆိုးကြောင့် **ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ ဒီဒေသမှာ ကျွန်မတို့ မမွေးခင်ကတည်းက စတင်ခဲ့ပြီး ကျွန်မတို့ရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဆိုးရွားတဲ့ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။**

ကျေးရွာတင် ဝမ်းမြောက်စကား

ဒေသခံရှမ်းတိုင်းရင်းသူ မအေးမို့မို့လှိုင်က ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစားနေခဲ့ကြရတာပါ။ ဒီလိုခံစားခဲ့ရတဲ့ ဒုက္ခတွေ ဘယ်တော့မှ ပြီးဆုံးပြီး ငြိမ်းချမ်းပါ့မယ်ဆိုတာ စိတ်ကူးတောင် မယဉ်ရဲခဲ့ပါဘူး။ မလုံခြုံ၊ မအေးချမ်းတဲ့ဘဝများနဲ့ ရှင်သန်ရပ်တည်ခဲ့ရပါတယ်။ စီးပွားရှာတဲ့ မိဘတွေမှာလဲ လွတ်လွတ်လပ်လပ်မရှိ၊ ပညာရှာတဲ့ ကျွန်မတို့ ဘဝမှာလဲ ပြည့်စုံမှုမရှိခဲ့ပါဘူး။

တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်များကိုရယူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများက မှားယွင်းတဲ့ လုပ်ရပ်များကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတော့ ငြိမ်းချမ်းပြီ၊ ငြိမ်းချမ်းပြီဆိုပြီး ဝမ်းသာအားရဖြစ်ခဲ့ရပါတယ်။ တကယ်တမ်းကျတော့ အမှန်တကယ် ရင်ထဲမှာ မအေးချမ်းသေးပါဘူးရှင်။ ပြည့်ဝတဲ့ ငြိမ်းချမ်းရေးမဟုတ်တာကို ခံစားရပါတယ်။ လက်နက်တွေကိုင်ထားပြီး ဒေသခံတွေအပေါ်မှာ ဆက်ကြေးကောက်၊ အခွန်အကောက်တွေကိုတော့ ကောက်ခံမြဲ ကောက်ခံခဲ့တာကြောင့် ပြည်သူများအနေနဲ့ ဝန်ထုပ်ဝန်ပိုးကတော့ လျော့မသွားခဲ့ပါဘူး။ တိုက်ပွဲတွေ၊ ပစ်ခတ်မှုတွေ မရှိတော့ပေမယ့် လက်နက် ကိုင်ဆောင်ထားသူတွေကိုတော့ လက်နက်မရှိတဲ့ တိုင်းရင်းသားကျေးရွာတွေမှာ ကြောက်မြဲကြောက်နေခဲ့ရတာပါပဲ။ သွားလာလှုပ်ရှားမှုမှန်သမျှ တိုးတိုးတိတ်တိတ် အသိပေးသတင်းပို့နေရတာပါပဲ။

အပြည့်အဝခံစားရရှိ

ယခင်က ဒီဒေသမှာ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ငြိမ်းချမ်းမှုမရှိခဲ့တဲ့အတွက် ကျွန်မတို့ ဒေသခံပြည်သူတွေဟာ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအဘက်ဘက်က နိမ့်ကျခဲ့ရပါတယ်။ ဒါကြောင့် လုံခြုံမှုရှိရာဒေသကို ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါတယ်။ ၁၉၉၄ခုနှစ်မှာ ဦးချစ်မောင်တို့အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲ လုပ်ကိုင်ခဲ့မှုကြောင့် လမ်းတံတားများ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေးတွေ အသင့်အတင့် တိုးတက်လာခဲ့ပေမယ့် လုံးဝငြိမ်းချမ်းရေးမရရှိခဲ့သေးသဖြင့် ဝါသနာအရင်းခံပြီး ပေးအပ်တဲ့တာဝန်တွေကို တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ လုပ်ကိုင်ဆောင်ရွက်သူများအား အစိုးရလူဆိုပြီး အမျိုးမျိုးစွပ်စွဲပြောကြားချက်တွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်မတို့ တိုင်းရင်းသားများရဲ့ ဘဝလုံခြုံမှု အပြည့်အဝခံစားရရှိခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒီကနေ့ ဦးချစ်မောင်ခေါင်းဆောင်တဲ့ ရလလဖအဖွဲ့ဟာ နိုင်ငံတော်ရဲ့ စေတနာအမှန်ကို နားလည် သဘောပေါက်ပြီး ဒေသခံပြည်သူတွေရဲ့အကျိုးကို အမှန်တကယ်မျှော်ကိုးကာ မိမိတို့ ကိုင်ဆောင်လာခဲ့တဲ့ လက်နက်တွေကို ထာဝရ ခြွင်းချက်မရှိ စွန့်လွှတ်ပြီး တိုင်းရင်းသားပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့တဲ့ အခွန်အကောက်တွေကောက်ခံခြင်းမပြုတော့ဘဲ ပြည်သူပြည်သားအဖြစ် အေးအတူပူအမျှ တစ်သားတည်းနေထိုင်သွားတော့မယ်လို့ သိရတဲ့အတွက် ကျွန်မတို့ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားများအဖို့ ဘဝမှာ ဘယ်တုန်းကမှ မစဉ်းစား မမျှော်မှန်းခဲ့တဲ့ ဆုလာဘ်ကြီးရရှိသလို ခံစားရပါတယ်။ စစ်မှန်သော ဘဝ လုံခြုံမှုနဲ့ ငြိမ်းချမ်းမှုများကို ပြည့်ပြည့်ဝဝ ရရှိ ခံစားကြရတော့မှာ ဖြစ်ပါတယ်။ ကျွန်မတို့တစ်တွေ အေးအေးချမ်းချမ်း ပျော်ရွှင်တဲ့ ဘဝ နေထိုင်သွားရတော့မှာ ဖြစ်ပါတယ်။ **စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိပြီးဖြစ်လို့ အဟန့်အတား အနှောင့်အယှက်များ မရှိတော့ဘဲ စည်းလုံးညီညွတ်မှုများနဲ့အတူ ကျွန်မတို့ဒေသဟာ နေ့ချင်းညချင်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။**

အထူးပင်ကျေးဇူးတင်

ကျွန်မတို့ ဒေသခံပြည်သူများ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူ့ဘောင်ဘဝကို ဖန်တီးနိုင်ဖို့အတွက် ယခုလို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်နဲ့ လက်နက်များကို စွန့်လွှတ်ခဲ့တဲ့ ဦးချစ်မောင် ခေါင်းဆောင်တဲ့ ရလလဖတပ်ဖွဲ့ဝင်များအား လည်းကောင်း၊ သဘောထားကြီးစွာဖြင့် ၎င်းတို့အား နွေးထွေးစွာကြိုဆိုထောက်ပံ့ကူညီပေးသော နိုင်ငံတော်အစိုးရအားလည်းကောင်း၊ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် လိုက်လံနွေးထွေးစွာ ကြိုဆိုကြသော တိုင်းရင်းသားပြည်သူများအားလည်းကောင်း အထူးပင် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းကို ပြောကြားလိုပါတယ်။ **(သတင်းစဉ်)**

ယခင်က ဒီဒေသမှာ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ငြိမ်းချမ်းမှု မရှိခဲ့တဲ့အတွက် ကျွန်မတို့ ဒေသခံ ပြည်သူတွေဟာ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဘက်ဘက်က နိမ့်ကျခဲ့ရ။

ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စု ညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ ဒီဒေသမှာ ကျွန်မတို့ မမွေးခင်ကတည်းက စတင်ခဲ့ပြီး ကျွန်မတို့ရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဆိုးရွားတဲ့ ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရ။ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေး လွှားလွှား ကျီးလန့်စာစား နေခဲ့ကြရ။

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် လဲလှယ်ရာတွင် စွန့်လွှတ်အပ်နှံခဲ့ကြသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အစည်းအဝေးများ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်နှင့် ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့ အတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့များမှ တစ်ဆင့်ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို သဘာပတိအဖွဲ့မှ ထပ်ဆင့်ရှင်းလင်း တင်ပြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိက နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်များထံမှ သဘောထား မေးမြန်းတောင်းခံရာ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်များက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီ အသီးသီး၏ သဘောထား တင်ပြချက်စာတမ်း ပြုစုရန် စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဆွေးနွေးပွဲခန်းမ (၅) ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါက်တာမျိုးသန့်တင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်မှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာနှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက် များအခန်းတို့အတွက် အမျိုးသား ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့များမှ တစ်ဆင့်ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို သဘာပတိအဖွဲ့မှ ထပ်ဆင့် ရှင်းလင်း တင်ပြကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျ သဘာပတိ ဦးလှမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဆွေးနွေးပွဲ ခန်းမ (၆)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်ဒေါက်တာ မောင်မောင်ဝင့်နှင့် ဒေါက်တာ သိန်းညွန့်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ ၆၄ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြား ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီ များအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော် အခန်း၊ ကူးပြောင်း ရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့ အတွက် အမျိုးသားညီလာခံ ကိုယ်စား လှယ်အစုအဖွဲ့အချို့၏ အကြံပြုတင်ပြ ချက်များနှင့် စပ်လျဉ်း၍ သဘာပတိ အဖွဲ့များမှ တစ်ဆင့် ညီလာခံကိုယ်စား လှယ်အစုအဖွဲ့များ၏ သဘောထားများ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Country Representative (Myanmar) Mr. Nuthapong Temsiripong လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Country Representative (Myanmar) Mr.Nuthapong Temsiripong သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိ အဖွဲ့က ကောက်နုတ်စုစည်းတင်ပြသွားပြီးဖြစ်ကြောင်း၊ ယင်းတင်ပြချက်များတွင် ပါရှိသည့် အကြံပြုချက်များနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးတို့၏ သဘောထားများ ရယူနိုင်ရေးအတွက် ယခုကဲ့သို့ သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကို လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ဖတ်ကြားတင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အင်းလေးဖောင်တော်ဦးပုံတူနှင့်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ပွဲနှင့်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

အင်းလေးဖောင်တော်ဦးဘုရားပုံတူနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကို(၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါကျောင်းတိုက်တွင် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် (မြောက်ဥက္ကလာပ)တို့၌ ပုရိမဝါကပ်တော်မူကြသည့် သံဃာတော် ၂၂၃ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် အစိုးရပထမပြန်ငယ်၊ လတ်၊ ကြီး စာအောင်သံဃာတော်များအား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ကပ်လှူပူဇော်မည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် သာသနာ့နုဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့ ဖုန်း- ၆၃၈၀၈၇၊ ၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာမျက်နှာ ၁၂ မှ

ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို သဘာပတိအဖွဲ့မှ ထပ်ဆင့်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အလုပ်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ ၄၅ ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြု တင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့များမှတစ်ဆင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များကို သဘာပတိအဖွဲ့က ထပ်ဆင့်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ အစုအဖွဲ့၏သဘောထားတင်ပြရေးအတွက် သဘာပတိအဖွဲ့က တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ သဘောထားကိုရယူပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ)အမှူးရှိသော စာချစာသင်သံဃာတော်များအား ဒါယကာ ဒါယိကာမများက စုပေါင်း၍ ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲတို့ကို (၁၃၆၉ ခု ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုလှူဒါန်းနိုင်ရန် ဥပဋ္ဌာကအဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရတနာဉာဏ်ရောင်ဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၆

ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားစခန်းပွဲကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ(USA)၏ ဩဝါဒကို ခံယူကာ ဒုတိယဝါဆိုလပြည့်နေ့မှ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော် ၉ ရက်၊ သီတင်းကျွတ်လဆန်း ၆ ရက်မှ သီတင်းကျွတ်လပြည့် အထိ ဖွင့်လှစ်မည်ဖြစ်ကာ ဒုတိယဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူများ သင်္ကန်းဒွိစုံ ကျပ် ၃၀၀၀ နှုန်းဖြင့် ရိပ်သာဖုန်း- ၅၄၃၃၅၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း **အင်တာနက်ဖောင်ပိတ်သတင်း**

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဇူလိုင် ၂၆

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူပြည်နယ်တွင် ဇူလိုင် ၂၆ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသည့် အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဗဟိုပြု

အဆိုပါငလျင်သည် မြောက်မာလူကူပြည်နယ် တာနာတီမြို့ မြောက်ဘက် မိုင် ၁၃၀ အကွာ ပင်လယ်ရေအောက် ၂၇ မိုင်ခန့်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း၊ သေဆုံးထိခိုက်မှုမရှိကြောင်း သတင်း၌ဆက်လက်ဖော်ပြသည်။

ဆီးရီးယား၌လက်နက်ကုန်လှောင်ရုံပေါက်ကွဲ ၁၅ ဦးသေဆုံး

ဒမတ်စကတ် ဇူလိုင် ၂၆

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလီပိုမြို့အနီး လက်နက်ပစ္စည်းများထားရှိရာ ကုန်လှောင်ရုံတစ်ခု ဇူလိုင် ၂၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ဆီးရီးယားတပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံးပြီး ၅၀ခန့်ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် အပူချိန်မြင့်မားမှုကြောင့် ကုန်လှောင်ရုံအတွင်း အပူဓာတ်များကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းမဟုတ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော် ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၅	၆။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၃၀	၇။	International News.
၈း၄၅	၈။	English for Everyday Use.
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	မြန်မာစာ၊ မြန်မာစကား
၁၇း၁၅	၆။	နှောင်းခေတ်တေးပဒေသာ
၁၇း၃၀	၇။	**မင်းမသိသေးပါဘူးကွာ** (ဇရာ၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်၊ ထက်ထက်စုလှိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၇း၃၅	၈။	အာဆီယံနိုင်ငံများ အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၇)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၂)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

မွေးနေ့ဆုတောင်း

(၂၇-၇-၂၀၀၇)

တီ-ကေ (**မကေခိုင်ရဲမြင့်**)ရဲ့ (၂၆)နှစ်ပြည့် မွေးနေ့မှ **(ဖွားဖွားကြီး သစ် ကဲ့သို့)** အသက်ရာကျော်သည့်တိုင်အောင် ကိုယ်/စိတ်၊ ကျန်းမာ-ချမ်းသာစွာနဲ့ မွေးနေ့ပေါင်းများစွာမှာ ကုသိုလ်ပြုနိုင်ပါစေ

တီ-ကေ ရဲ့ ချစ်တူလေး **မောင်ဘုန်းခန့်ဇာနည်**

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(LL.B.)နှင့်ဆက်သွယ်ပါ၊(ပိတ်ရက်မရှိ)

☎ 01- 394727,09-5123509

အမှတ်(၃၆)၊လမ်း(၃၀)၊မြို့မည်ဆပ်(ကန်တော်ကလေး)မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောနန်းဦး၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၃၇၀၀၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၂၄၄၈၁၆။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မင်းအောင်၏ လက်ကိုင်ဖုန်း-၀၉-၅၀၁၃၉၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၉-၂၄၆၉၉၊ ၀၉-၅၁-၈၈၅၇၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်မင်းထွန်း၏မှတ်ပုံတင်နှင့်ကားလိုင်စင်ပါသော ပိုက်ဆံအိတ်သည် ၂၆-၇-၂၀၀၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၂၆၆၀၀၊ ၀၉-၅၁-၈၂၃၂၊ ၇၂၆၂၇၉၊ ၀၉-၉၉-၂၄၀၇၈။**

မိုးလုံ - လေလုံ - ပျော်စရာစုံ

HAPPY WORLD

ကန်တော်မင်္ဂလာပန်းခြံ

ဝါဆိုပွဲတော် အလှူအမှီအစဉ်

(၂၉-၇-၂၀၀၇)ရက် ဝါဆိုလပြည့်နေ့နဲ့ (၃၀-၃၁) ၃-ရက်ဆက်တိုက်

ချက်ချင်း ခြစ် / ချက်ချင်း တိုက် / ချက်ချင်း ယူ > (၁၂)သိန်းဖိုး ဓါတ်ပစ္စည်းဆုလက်ဆောင်များ

ကန်တော်မင်္ဂလာပန်းခြံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ဒဂုံမြို့နယ်

အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် . . ,

မိသားစု . . ဆိုတဲ့ ရေအိုးလေးတစ်လုံးကို အတူတူ

သယ်ဆောင်ကြရတာ။ တစ်ယောက်ယောက်ခြေလှမ်း

မှားတာနဲ့ အဲဒီအိုးက ကွဲကျွဲမှာပဲ။

မောင်လှမျိုး ၊ချင်းချောင်းခြံ၊

လက်ခုပ်မိုး

(လုံးချင်းဝတ္ထုသစ်)

စိန်သရဖူ စာပေ ☎- ၂၂၁၇၅၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခမ်းလမ်းကျင့်၏ နိုင်ငံကူးလက်မှတ် အမှတ်-၄၄၅၉၉၉မှာ ခရီးသွားရင်းကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဆက်သွယ်ရန်-ဖုန်း-၅၁၀၁၈၀။**

သန့် အကောင်းကြိုက်သူများအတွက်

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊တောင်ပုံမွှေး၊ပဲဆိုးမွှေး မွှေးတလုံးပေါ်ကျွဲ၊ညွှန့်မထ၊ဘာစမတီ၊ရှမ်းဆန်၊ကောက်ညှင်း

၆ ပြည်၊၁၂ပြည်၊၂၄ပြည်အိတ်များကို ဖုန်းဖြင့်မှာကြားလျှင် အိမ်အရောက်ပို့ပေးပါသည်။

အမှတ်(၅၂)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း(ရိုးမဘဏ်အနီး)

၆၈၁၂၀၉၊၆၈၁၂၇၄၊၆၈၁၅၀၄၊၀၉-၉၉၂၈၁၆၃

ပုလဲရတုမင်္ဂလာဆုတောင်း

(၂၇-၇-၂၀၀၇)

"ကိုကျော်" နဲ့ **"မစီ"**

ချစ်သမီးသုံးယောက်နဲ့
ချစ်သားနှစ်ယောက်ပါ
အသစ်ဝေဖြာပြီး
အနှစ်အဖြစ်
မြေးနှစ်ယောက်ပါ
အဆစ်ရလို့
ဝေစည်ကာ
ပုလဲနှစ်တိုင်ခဲ့
အမြဲချစ်နိုင်ဖို့
စကားနိုင်တွေ အပြိုင်လုပြီး
ချစ်ကြည်ခဲ့ကြတာ
အရမ်းဂုဏ်ယူတယ်ကွာ။ ။

ကိုညီမြင်း-မဥမ္မာ
(မင်းဇာနည်ကုမ္ပဏီလီမိတက်)။

ရောင်းမည်

၃က/ ပါဂျဲရိုး L 149 G ၊ မီးခိုး
(90- Model)
(တနင်္လာမှအပ ရုံးချိန်အတွင်း)
(ပွဲစားမလို)
ဖုန်း-၅၅၉၆၀၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇညားအောင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၈၆၂၀၄ မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဆက်သွယ်ရန်- ဖုန်း-၀၉-၉၉-၂၈၂၉၉။**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

နိုင်ငံတကာ စံချိန်၊စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာရင် သွက်ချာပါဒလေငန်းဆေးပြား

လေဖြတ်၊လေငန်းရောဂါကိုကုသခြင်း၊ ကြိုတင်ကာကွယ်ခြင်း နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀ /၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၅၄၈၈၇၄၊

၀၅၀၇ YR၀၁၅၂၀
၁၀/၂၀၀၅ တဆထလ /တိုး(၁၀၃)

Certificate TH06/0850.0QM

ဆူးလေအဘိဓမ္မာအသင်း ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး သြဝါဒါစရိယဆရာတော်များ၏ ဝါတွင်းတရားပွဲများကျင်းပမည်ဖြစ်ရာ ဇူလိုင် ၂၉ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ သြဂုတ်၆ရက်တွင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တကုမာရ မဟာထေရ်၊ ၁၃ရက်တွင် စွန်းလွန်းဂူကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သုန္ဒရ၊ ၂၈ရက်တွင် အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ စက်တင်ဘာ၅ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအရှင်နန္ဒမာလာ၊ ၁၀ရက်တွင် ရေစကြိုဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသနှင့် ဓမ္မကထိကတရားဟောဆရာတော်များက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ငါးဖမ်းလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၃၀ရက် နံနက်၉နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

NLD နှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ လပွတ္တာမြို့နယ်နှင့်ဝမ်းတွင်းမြို့နယ်တို့မှ ပါတီဝင်ငါးဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ဒေါ်မြစန်းအေး၊ ဦးကျော်တင်၊ ဦးသန်းဝေ၊ ဒေါ်စန်းနှင့် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဘိုနီတို့သည် ဇူလိုင်၁၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းအသင်းအနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ၏ ပွဲစဉ်အမှတ်(၉)ပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

<u>ပေါင်းလောင်းအားကစားကွင်း</u>

<u>ညနေ ၄ နာရီပွဲ (ကက)အုပ်စု</u>

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန	**နှစ်ဂိုး။**
အမှတ်(၁)စက်မှုဝန်ကြီးဌာန	**တစ်ဂိုး။**

အဆိုပါဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၂၇ရက် (ယနေ့)ညနေ ၄နာရီတွင် နေပြည်တော် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် (ကက)အုပ်စုမှ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂၈ရက် ညနေ၄နာရီတွင် (ခခ)အုပ်စုမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

<u>ဆက်လက်ယှဉ်ပြိုင်မည်</u>

အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင်၂၉ရက် (ဒုတိယဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့)တွင် တစ်ရက်တာရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၃၀ရက်တွင် (ခခ)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ဇူလိုင် ၃၁ရက်တွင် (ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း နေ့စဉ်ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျိုက်ထိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဆယ်အိမ်စုမှူး သင်တန်းဖွင့်လှစ်၊ ရည်ရွယ်ချက် ရှင်းလင်း

ကျိုက်ထို ဇူလိုင် ၂

ကျိုက်ထိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်မြင့်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဖုန်းနိုင်က သင်တန်းတွင်ပို့ချသည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို လည်းကောင်း **(အောက်ပုံ)** ရှင်းလင်းပြောကြားသည်။ထို့နောက် သင်တန်းသားသင်တန်းသူများအတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဗလာစာအုပ်နှင့် ဘောပင်များ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာတို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်သင်တန်းသား သင်တန်းသူ ၈၈ဦးတို့ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့တွင် မြို့သန့်ရှင်းသာယာရေးနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင်ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က အမှာစကားပြောကြားစဉ်။ (ပြည်နယ်စည်ပင်)

ရွှေညောင်၌ ဝါဆိုသင်္ကန်းကပ်မည်

ရွှေညောင် ဇူလိုင် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့ တေဇစက္ကီ ဝိပဿနာစခန်းကြီး ကမ္ဘဋ္ဌာန်းရိပ်သာကျောင်းတိုက်၏ နှစ်စဉ်ကျင်းပမြဲ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ ဆွမ်းအစရှိသည်တို့ကိုလှူဒါန်းလိုသူများသည် ပဓာနနာယကဆရာတော် ဦးထေရဝံသ တေဇစက္ကီစခန်းကြီး ကျောင်းတိုက် ရွှေညောင်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၁၀ရက်က သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်၌ ငှက်ဖျားရောဂါကာကွယ်တားဆီးရေးအတွက် လမ်းဘေးဝဲယာနှင့် ချောင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

ချောင်းဆုံ၌ စာကြည့်တိုက်ပညာသင်တန်းဖွင့် မျိုးတူစုနှင့် ကက်တလောက်လုပ်ငန်းဆိုင်ရာပို့ချ

ချောင်းဆုံ ဇူလိုင် ၄

မွန်ပြည်နယ်ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ သင်တန်း(၁/၂၀၀၇) ဖွင့်ပွဲကို ဇူလိုင် ၂ရက်နှင့် ၃ ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒေါ်ခင်ဆွေဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က အဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ချောင်းဆုံတိုက်နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်မှူး ၃၀တို့ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် ဖွဲ့စည်းရေး၊ မျိုးတူစု လုပ်ငန်းနှင့် ကတ်တလောက်တင်ခြင်း လုပ်ငန်းများကို လည်းကောင်း ၊ စာကြည့်တိုက် လက်ထောက် (၃)ဒေါ်မိသူဇာက စာကြည့်တိုက် လက်တွေ့ လုပ်ငန်းများကို လည်းကောင်း ဆွေးနွေး ပို့ချခဲ့ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ဦးရိုန်၊ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ ဇူလိုင် ၇ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမရှေ့ရှိ မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးခြင်းနှင့် ဇွဲကပင်ခန်းမရှေ့ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ကျောင်းသုံးစာအုပ်နှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်

မန္တလေး ဇူလိုင် ၁၄

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၇ရက် နံနက် ၉နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၆ လမ်းထောင့် ချမ်းမြေ့ရောင်းဝယ်ရေးသမဝါယမအသင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အသင်း ဒါရိုက်တာ ဥက္ကဋ္ဌ ဦးဘကြည်နှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးနေဝင်းတို့က အမှာစကားပြောကြားပြီး စာရင်းကိုင်တာဝန်ခံ ဦးထွဏ်းလှအောင်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အကြောင်း သိကောင်းစရာနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် တက္ကသိုလ်အဆင့် ငါးဦးအား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၊ အထက်တန်းအဆင့် ၁၀ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၄၀၀၀၊ အလယ်တန်းအဆင့် ငါးဦးအား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၊မူလတန်းအဆင့် ၁၀ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ဖြင့် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ **(၁၆၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၃ရက်က မကွေးမြို့ မြို့မဈေးတွင် စားသုံးသူများ ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံရောင်းချသူများကို ဓာတုဗေဒဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြု၍ စိုက်ပျိုးထွက်ရှိသော အသီးအနှံများ မရောင်းချရေးနှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ရောင်းချပေးရေး စစ်ဆေးပညာပေးဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဋ္ဌေးဦးနှင့် ကျန်းမာရေးမှူး ဦးဘိုလင်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု အဖွဲ့ဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်

သံဖြူဇရပ် ဇူလိုင် ၉

သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း အသိပညာပေးဟောပြောပွဲနှင့်အဖွဲ့ဝင်အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က စက်စဲကျေးရွာ အထက(ခွဲ)တွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အမှုဆောင်များ၊ ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်း **(ယာပုံ)**က အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းနှင့် အမျိုးသမီးများအခန်းကဏ္ဍအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်စဲကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၁၁၀ ကို စက်စဲကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်မူက ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ခံကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူခင်းကျဆင်းရေး ပညာပေးဟောပြော

ကောလင်း ဇူလိုင် ၁၂

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက် ည ၇ နာရီက ကောလင်းမြို့နယ် ကုက္ကိုကုန်း ကျေးရွာအုပ်စု ကုက္ကိုကုန်း ကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ် တရားသူကြီး ဒေါ်ခင်နွဲ့နွဲ့က တရားရေးရာသိမှတ်စရာများကိုလည်းကောင်း၊ ဥပဒေအရာရှိ ဦးလှိုင်ကျော်က ဥပဒေရေးရာ အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။ (၀၂၆)

အုတ်တွင်းမြို့နယ် ဆန်လှူအသင်း ဆွမ်းဆန်တော်နှင့် အလှူငွေလှူဒါန်း

အုတ်တွင်း ဇူလိုင် ၂၅

မန္တလေးချမ်းသာကြီးဆန်လှူအသင်းအတွက် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ဆန်လှူအသင်းက ဆွမ်းဆန်တော်နှင့် အလှူငွေရေစက်ချလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ ဈေးကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ စုံညီစွာ ကြွရောက်တော်မူကြပြီး မြို့နယ်ဥက္ကဋ္ဌ၊ ဆန်လှူအသင်း ဥက္ကဋ္ဌနှင့် ကျေးရွာများမှ အသင်းထောက်တာဝန်ခံများ၊ အောင်သိဒ္ဓိ ဝတ်အသင်းနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဩဝါဒကထာ

အခမ်းအနားတွင် ဈေးကျောင်းတိုက် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တတိလောကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏောဒယက ဩဝါဒကထာ မြွက်ကြားတော်မူရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ရေစက်သွန်းချ

ဆက်လက်၍ အုတ်တွင်းမြို့နယ် ဆန်လှူအသင်း ဥက္ကဋ္ဌ ဦးစိုးသိန်းက မြို့နယ်အတွင်း ဆွမ်းဆန်တော်နှင့် အလှူငွေ ရရှိမှုအခြေအနေများကို တင်ပြပြီး မြို့နယ်ဥက္ကဋ္ဌက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ မန္တလေး ချမ်းသာကြီးဆန်လှူအသင်းသို့ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် အလှူငွေများအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

ယခုနှစ်တွင် အုတ်တွင်းမြို့နယ်မှ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့(၂၅)နှစ်မြောက်အဖြစ် ဆွမ်းဆန်တော်တင်းပေါင်း၂၁ဝကျော်နှင့် အလှူငွေ၄၃၁၉၉၅ကျပ် ကို မန္တလေး စာချ၊ စာသင် ဝါဆိုသံဃာတော် ၃၅ဝဝဝ ကျော်အတွက် ရည်မှန်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(၁၁၆)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက်အမှတ် ၁၂၁/၃၄ လမ်းနေ ဦးမြင့်စိုး (၅၇) နှစ်ပြည့်မွေးနေ့၊ ဒေါ်မြင့်ကြည် (၅ဝ)ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး အတွက် ပြည်ထောင်စုလမ်းမနှင့် ဘိုတဲကုန်းလမ်းဆုံတွင် မြေခင်း အလှဆောင်ရွက်ထားမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇွန် ၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပျိုးပွဲ ဟားခါး၌ ကျင်းပ

ဟားခါး ဇူလိုင် ၂၂

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ပြည်နယ်သစ်တောဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဟားခါးမြို့ မြို့အဝင် ပတ်ဝန်းကျင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၉ရက် နံနက်၉နာရီက ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တာဝန်ရှိသူများသည် စိုက်ကွင်းအတွင်း သတ်မှတ်နေရာများတွင် မိုးရာသီသစ်ပင်များကို တက်ရောက်လာကြသူများနှင့် အတူ စိုက်ပျိုးကြသည်။

(ပြည်နယ် ပြန်/ဆက်)

ဘုရားသုံးဆူမြို့အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကင်းရှင်းပပျောက်ရေးအတွက် ကရင်ပြည်နယ် ငှက်ဖျားတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ကျော်စွာမြင့်၊ ကြာအင်းဆိပ်ကြီး မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်လွင်၊ မြို့တာဝန်ခံ ဆရာဝန် ဒေါက်တာစိုးဝင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အရောင်းပြခန်းဖွင့်

ကျောက်မဲ ဇူလိုင် ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၄ရက် နံနက် ၈နာရီက ကျောက်မဲမြို့နယ် မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးခင်စိုးနှင့် ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို အရောင်းပြခန်း ခြောက်ခန်းဖြင့် ဖွင့်လှစ်ပြသ ရောင်းချကြကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ထို ပညာအလင်းတန်း စာကြည့်တိုက်အဆောက်အအုံဖွင့်

ကျိုက်ထို ဇူလိုင် ၄

ကျိုက်ထိုမြို့နယ် ကျောင်းရွာ ကျေးရွာအုပ်စု ဆောင်နိုင်ဂွကျေးရွာ၌ ပညာအလင်းတန်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၅ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဆောင်နိုင်ဂွကျေးရွာ ပညာအလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးညွန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်၊စာစောင်နှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ဆက်လက်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင် အုပ်၁ဝဝ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက စာအုပ်၊ စာစောင် ၂၅အုပ်၊ ကျေးရွာမှ ဒေါ်ကျင်ပိုက ရသစာအုပ် ၁ဝအုပ်၊ ကျေးရွာမှ အလှူရှင်များက စုပေါင်း၍ စာကြည့်တိုက် ရန်ပုံငွေကျပ် ၅၂၆ဝဝ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးတာဝန်ပေးအပ်

ညောင်တုန်း ဇူလိုင် ၂၄

၂ဝဝ၇-၂ဝဝ၈ ညောင်တုန်းမြို့နယ် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက်က ညောင်တုန်း မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးဝင်းနောင်၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်အေး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်လွင်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းတာဝန်များကို ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(အောက်ပုံ)**

ညောင်တုန်းမြို့နယ်တွင် ၂ဝဝ၇-၂ဝဝ၈ ဆောင်းသီးနှံအဖြစ် ဆီထွက်သီးနှံ ၂၃၁၈၈ဧက၊ ပြောင်းသီးနှံ ၁၁ဝ၃၉ဧက၊ ပဲမျိုးစုံ ဧက ၉၂၃ဝဝဧက၊ စားဖိုဆောင်သီးနှံ ၉၂၁၃ဧကနှင့်နွေစပါး ၃၆၅၉၉ဧက စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသည့်ဈေးဖြစ်စေရေးအတွက် ဇွန် ၁ဝရက်က ဒုတိယဦးစီးမှူး(ဈေး) ဒေါ်မြင့်မြင့်မူနှင့် ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးဖိုးဝေအောင်တို့ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် မြို့မဈေးကြီးအတွင်း ရေမြောင်းများတူးဖော်ခြင်းနှင့် ဈေးပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့၌ ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်

ခင်ဦး ဇူလိုင် ၂ဝ

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရွှေဘိုနှင့် ရေဦးကားလမ်း၊ အောင်ချမ်းသာ ရပ်ကွက် မြို့လယ်ဓမ္မာရုံတွင် ရေနုတ်မြောင်း တူးဖော်ခြင်း၊ အမှိုက်များ သန့်ရှင်းခြင်းတို့ကို ဇူလိုင် ၁၅ရက် နံနက်၇နာရီက ဆောင်ရွက်ကြသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းနှင့် အသင်းဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် လေးရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ညီလာခံသဘာပတိအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ အစုအဖွဲ့ အသီးသီးတို့၏ သဘောထားများ ရယူနိုင်ရေး ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၆

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ●

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နယ်ချဲ့ အစိုးရရဲ့ တိုက်ရိုက်တစ်ဖုံ သွယ်ဝိုက်တစ်နည်း သွေးထိုးမြှောက်ပင့် ပေးမှုတွေဟာ KNU သောင်းကျန်းမှုရဲ့ နံပါတ်တစ်တရားခံ

KNU ဆူပူသောင်းကျန်းမှုရဲ့ အဓိကလက်သည်တရားခံကတော့ နယ်ချဲ့အစိုးရပါပဲ။ နယ်ချဲ့ဟာ ကရင်ကို ဗမာဆန့်ကျင်ရေး နိုင်ငံရေးအမြင် ပျိုးထောင်ပေးရုံသာမက စစ်ရေးအရပါ အင်အားကြီးလာအောင် လုပ်ပေးခဲ့လေတော့ လွတ်လပ်ရေး မရခင်ကတည်းက ကရင်လက်နက်ကိုင် အင်အားစုဟာ အရမ်းအင်အားကြီးမားခဲ့တယ်။ ဒါ့အပြင် KNDO ပါ ထပ်တိုးလာတော့ KNU ဟာ လူမျိုးရေးမာန်တက်လာပြီး အောက်မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါးကို ကရင်ပြည်နယ်ပေးရမယ်လို့ တောင်းဆိုလာတော့တာပေါ့။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ တိုက်ရိုက်တစ်ဖုံ၊ သွယ်ဝိုက်တစ်နည်း သွေးထိုးမြှောက်ပင့် ပေးမှုတွေဟာ KNU သောင်းကျန်းမှုရဲ့ နံပါတ်တစ်တရားခံလို့ ဘကြီးပြောရတာပေါ့။

မိုးမြကျော်၏ ဆောင်းပါး (စ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး